တက္ကသိုလ်နေမင်းစီစဉ်သော.....

# ရွှေမြင်းစိုရ ပြုသောနေ့

နှင့်

အခြားဝတ္ထုကဗျာများ



နန္ဒာမိုးကြယ်၊ တက္ကသိုလ်နေမင်း
သိန်းထွန်းလတ်၊ စိတ်ဓာတ်မြသန်း၊
တိုးကိုထွေး(ပညာရေး)၊
မောင်မောင်ဇင်၊ တင့်လွင်(ဘုရားနီ)၊
ရန်မိုးအောင်(အင်းစိန်)

Myint Soe(Lin)
09 730 87126

# ဂမ္ဘီရဆရာမြနှင့်
# ဂမုန်းနွယ်ဝင် သစ်တပင်

**နန္ဒာမိုးကြယ်**

အမှန်စင်စစ် ကျွန်ုပ်သည် မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြသာ အနီးကပ်ရှိမနေလျှင်ဖြင့် ဂမ္ဘီရဆန်သော ဝတ္ထုများကို တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုသလို ရေးထုတ်နိုင်လိမ့်မည်မဟုတ်ကြောင်း ဝန်ခံရပါမည်။ ကျွန်ုပ်အား ဂန္ဓာရီဆန်သော ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများ ရေးသားနိုင်ရန် တိုက်တွန်းရုံသာမက ရှားပါးလှစွာသော အကြောင်းအရာ၊ အဖြစ်အပျက်များကို ကိုယ်တွေ့နှင့်ယှဉ်လျက် စီကာပတ်ကုံး ပြောပြခဲ့သည် မှာ လည်း မိတ်ဆွေကြီး ဂန္ဓာရီဆရာမြပဲ ဖြစ်လေသည် ။

တစ်ခါတစ်ရံ သူပြောပြသည် မှာ လွန်စွာမှ စိတ်ဝင်စားစရာကောင်းလှပါသော်ငြားလည်း ကျွန်ုပ်ပြန်လည်ပုံဖော်ရေးသားလိုက်ပါမှ စိတ်ဝင်စားမှုအာနိသင် လျော့ကျသွားသည် မျိုးလည်း ဖြစ်ခဲ့ဖူးရာ ထိုအချက်သည် ကျွန်ုပ်၏ ညံ့ဖျင်းမှုသာဖြစ်ပါကြောင်း ဝန်ခံလိုက်ပါသည် ။ ယခုလည်း ၎င်းဂန္ဓာရီခရီးစဉ်တစ်ခု မထွက်မီက စိတ်လိုလက်ရပြောကြားခဲ့သော ၎င်း၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုအား တင်ပြရေးသားလိုက်ခြင်းဖြစ်ပါသည် ။

ကျွန်ုပ်ခင်မောင်မြသည် ဂန္ဓာရီခရီးစဉ်အဖြစ် အနယ်နယ်အရပ်ရပ်သို့ခြေဆန့်သွားလာနေသူ ဖြစ်လေရကား ဒေသန္တရ၊ ဘာသန္တရတို့ အတန်ငယ်ကြွယ်ဝသည့်အပြင် မိတ်ဆွေ သင်္ဂဟအမျိုးမျိုးလည်း တိုးပွားနေသူဖြစ်ပါသည် ။

တစ်ခါသော် အထက်ဆရာကြီးများ ၏ လမ်းညွှန်ချက်အရ မြေလတ်ဒေသတစ်ခုသို့ ဂန္ဓာရီခရီးစဉ်အဖြစ် ကျွန်ုပ်ရောက်ရှိသွားခဲ့ပါသည် ။ ကျွန်ုပ်ရောက်ရှိတည်းခိုရာ ဘုန်းတော်ကြီးကျောင်းနှင့် မနီးမဝေးတွင် အရာရှိရိပ်သာ တစ်ခုရှိပါသည် ။ ရပ်ဝေးမှ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသောအရာရှိနှင့် ၎င်းမိသားစုတို့ အဆင်ပြေစွာ နေထိုင်ကြစေရန် ဆောက်လုပ်ပေးထားသောဝင်းခြံနှင့် ခေတ်မီ အဆောက်အအုံများ ပါပေ။

တစ်နေ့တွင် ဘုန်းကြီးကျောင်းဝင်း တည်းခိုဇရပ်မှ နေ၍ လိုအပ်သော အသုံးအဆောင်အချို့ကို ဝယ်ယူရန် အလို့ ငှာ ကျွန်ုပ်သည် ကျောင်းပရိဝုဏ်မှ ထွက်ခဲ့ပြီး အရာရှိရိပ်သာ ရှေ့လမ်းအတိုင်း ဖြတ်အလျှောက်ဝယ် မမျှော်လင့်ဘဲ ဒေသတစ်ခု၌ ဆွေမျိုးရင်းချာသဖွယ်ခင်မင်ရင်းနှီးခဲ့လေသည့် ကိုမောင်ငြိမ်း၊ မတင်နွဲ့တို့ ဇနီးမောင်နှံနှင့် ဆုံတွေ့ရလေတော့၏။ ကိုမောင်ငြိမ်းမှာ ဌာနဆိုင်ရာ အရာရှိတစ်ဦးဖြစ်ပြီး ဤမြေလတ်ဒေသသို့ တာဝန်ကျရာ သျှောင်နောက်ဆံတုံးပါဆိုသလို ဇနီးဖြစ်သူ မတင်နွဲ့ကလည်း ပါရမီ ဖြည့်ဘက်အနေဖြင့် လိုက်ပါနေထိုင်ခဲ့ခြင်းဖြစ်လေသည် ။ ၎င်းတို့ သည် အိမ်ထောင်သက် ငါးနှစ်ကျော်သည့်တိုင် သားသမီးရတနာ မထွန်းကားသဖြင့် ခွေးကလေး၊ ကြောင်ကလေးများကိုသာ မွေးမြူယုယနေလေတော့သည် ။ ၎င်းတို့ ဇနီးမောင်နှံက ၎င်းတို့ ၏ အရာရှိဝင်းထဲ၌ လာရောက်တည်းခိုနိုင်ပါကြောင်း အထပ်ထပ်ပြော ဆိုသော်ငြား ကျွန်ုပ်၏ ရည်ရွယ်ရင်းကိစ္စ မပျက်ပြားစေလို၍ စ

ကားလှအောင် ငြင်းပယ်ခဲ့ရပြီးမကြာခဏလာရောက်လည်ပတ် ပါမည့် အကြောင်း နှစ်သိမ့်ခဲ့ရလေတော့၏။

သို့ဖြင့် ပြန်တမ်းဝင် ရုံးပိတ်ရက်တစ်ရက်၌ ၎င်းတို့ အိမ်သို့ ထမင်းစားကြွရောက်ပါရန် အထူးတလည် လာရောက်ဖိတ်ကြားလေရာ ငြင်းပယ်ရန် မသင့်သဖြင့် ကျွန်ုပ်လည်း ဆက်ဆက်လာခဲ့ပါမည့်အကြောင်း ကတိပေးလိုက်မိလေသည် ။ ထို့နောက် ရုံးပိတ်ရက်ရောက်လေသော် ကျွန်ုပ်လည်း မိတ်ဆွေဇနီးမောင်နှံ ကိုမောင်ငြိမ်း၊ မတင်နွဲ့တို့ ၏ အရာရှိအိမ်ကလေးသို့ ရောက်သွားပါလေတော့၏။

၎င်းတို့ ၏ အိမ်ရာမှာ ဝင်းနှင့်ခြံနှင့် အတန်အသင့် ကျယ်ဝန်းပါသော်လည်း ခြံအတွင်း၌ မူ ဂမုန်းပင်အမျိုးအစားများ စွာသည် ပြည့်ကျပ်လုနီးပါးနေရာယူထားရာ အရာရှိ အိမ်ခြံဝင်းနှင့်မတူတော့ဘဲ ကန်တော်ကြီးမြေပဒေသာစိုက်ခင်းသဖွယ် ဖြစ်နေလေတော့၏။

"ကိုခင်မောင်မြရဲ့ လူကတော့ အနွဲ့ထက်တောင် သူ့ ဂမုန်းပင်တွေကို စိတ်ဝင်စားမှုပိုနေသလား မသိပါဘူးရှင်။ ရုံးကပြန် လာပြီဆို ဂမုန်းပင်တွေနဲ့ အလုပ်ရှုပ်နေတော့တာပဲ။ ရုံးပိတ်ရက်များ ဆို အိမ်တော့ကပ်ပါရဲ့ ၊ ဒါပေမဲ့ အိမ်ထဲမှာ တော့ မဟုတ်ဘူး ။ ဂမုန်းတွေရှိတဲ့ ခြံထဲမှာ ချည်း။

ဂမုန်းအသစ်အဆန်းပေါ်လာလို့ များကတော့ မရရအောင် စုံစမ်းပြီး လိုက်ရှာတော့တာပဲ။ သူ့လို ဂမုန်းရူးရူးတဲ့ လူစား တွေ့တွေ့ဖူးပေါင်ရှင်"

မတင်နွဲ့က သူ့လင်တော်မောင်အကြောင်းကို ခပ်ငေါ့ငေါ့ကလေး ပြောဆိုနေလေတော့ မိတ်ဆွေကြီး ကိုမောင်ငြိမ်းမှာ ခပ်ပြုံးပြုံးပင်။

"အနွဲ့ပြောမှ သတိရသွားတယ်။ ဂမုန်းတော့ ဂမုန်းအနွယ်ထဲကပဲ။ နာမည်ဘယ်လိုရှိတယ် ဆိုတာတောင် မသိရသေးဘူး။ မိတ်ဆွေတစ်ယောက် ဟိမဝန္တာတောထဲက မျိုးယူလာတာတဲ့ ။ အဲဒါ နောက်ရက် ကို

ယ်သွားယူပြီး စိုက်ရဦးမယ်"

ထိုသို့ပြောရင်း ကျွန်ုပ်အား ၎င်းစိုက်ပျိုးထားသည့် ဂမုန်းပင်များ နှင့် မိတ်ဆက်ပေးပါလေတော့သည် ။ ၎င်း၏ ခြံထဲမှာ တော့ "စုန်းနိုင်ဂမုန်း" ဟု ဆိုသည့် ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းကတိုး၊ ဂမုန်းဖြူ၊ ဂမုန်းခေတ္တာ၊ ဂမုန်းခံတက်၊ ဂမုန်း ခွေးလှာ၊ ဂမုန်းနွားလှာ၊ ဂမုန်းပြာသာဒ်၊ ဂမုန်းပြောက်ကြီး၊ ဂမုန်းရှင်သူငယ်၊ ဂမုန်းရှည်၊ ဂမုန်းလိပ်မှေး၊ ဂမုန်း လိပ်မတွား၊ ဂမုန်းဆိတ်နံ၊ ဂမုန်းလက်သကာ၊ ဂမုန်းသံယောဇဉ်၊ ဂမုန်းကြောင်ငို၊ ဂမုန်းရန်မီး၊ ဂမုန်းရန်လွတ်၊ ဂမုန်းကိုယ်ရံကြီး၊ ဂမုန်း ခေတ္တာဖြူ၊ ဂမုန်းရွှေ၊ ဂမုန်းခေတ္တာနီ၊ ဂမုန်းလဝန်း၊ ဂမုန်းကြက်သွေး၊ဂ မုန်းဆိတ်နိုင်တို့ ကိုလည်းကောင်း ပြသ၏။

ထို့ပြင် "နတ်နိုင်ဂမုန်း" ဟု ဆိုသော ဂမုန်းသဇင်၊ ဂမုန်းရွှေရောင်၊ ဂ မုန်းဇီဂလိ၊ ဂမုန်းသောဏာသိန်၊ ဂမုန်း ဆင်နားရွက်၊ ဂမုန်းအင်ကြင်း သီး၊ ဂမုန်းလက်ဆက်၊ ဂမုန်း ဖယောင်းပန်း၊ ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းကတိုး၊ ဂမုန်းရစ်၊ ဂမုန်းပြောက်၊ ဂမုန်းကျီးချို၊ ဂမုန်းသံဃာ၊ ဂမုန်းပြာသာဒ်၊ ဂမုန်းသကြား၊ ဂမုန်းကားခန္တီ၊ ဂမုန်းကြက်သွတ်၊ ဂမုန်း နာဂတ၊ ဂမုန်းနာဂသိန်၊ ဂမုန်းနာဂရွှေ၊ ဂမုန်းနာဂနတ်၊ ဂမုန်းနာဂမှိုင်း ၊ ဂမုန်းကြက်သူငယ်၊ ဂမုန်းဆိတ်နို့၊ ဂမုန်းခြံထွက်၊ ဂမုန်းဘီလူး၊ ဂမုန်းဥ တစ်လုံး၊ ဂမုန်းအင်သီး စတာတွေကို လည်း ပြ၏။

စင်စစ် ကျွန်ုပ်မှာ ညှော်သည် ဖြစ်နေသည် က တစ်ကြောင်း၊ တစ်ဖ က်သား၏ ဆန္ဒ၊ ဝါသနာ၊ အာသီသတို့ အား ကန့်လန့်မတိုက်လို၍ တစ်ကြောင်း (ကျွန်ုပ်စိတ်မဝင်စားသောကိစ္စဖြစ်စေကာမူ မိတ္တဗလဋ္ဌီ ကာအရ) ကိုမောင်ငြိမ်း စိတ်ချမ်းသာစေလိုခြင်းငှာ လိုက်လိုက်လျော လျောနေခဲ့မိပါသည် ။

ထိုနေ့က ၎င်းတို့ မိသားစုနှင့်အတူ ရှေးဟောင်း နှောင်းဖြစ်တွေကို ပြောဆိုကြရင်း မတင်နွဲ့ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တည်ခင်းဧည့်ခံကျွေး မွေးသည့် ထမင်းဟင်းလျာတို့ ကို အရသာရှိရှိ စားသောက်ခဲ့ရပါသည် ။ ထမင်းစားပြီးတော့ အချိုပွဲ၊ ပြီးတော့ ရေနွေးကြမ်းနှင့်အသုပ်၊ လင်မ ယားနှစ်ယောက်ကား ဧည့်သည် အပေါ် လွန်စွာမှ ဧည့်ဝတ်ကျေပွန်လှပါ ဘိ။ ကျွန်ုပ်အချိန်တန်၍ ပြန်မည့်အကြောင်း နှုတ်ဆက်ထွက်ခွာလေ သောအခါဝယ် လင်မယား နှစ်ယောက်စလုံး ခြံဝအထိ လိုက်ပို့ကြပါသ ည် ။ ထို့နောက် ကိုမောင်ငြိမ်းက စကားဆိုပြန်ပါသေးသည် ။

"နောက်တစ်ပတ်လည်း ဆက်ဆက်လာခဲ့စေချင်တယ် ကိုခင်မောင်မြရယ်။ ခုလိုပဲ စားကြသောက်ကြ၊ စကားဆိုကြပေါ့။ ပြီး တော့ ထူးထူးဆန်းဆန်း ဟိမဝန္တာက ရလာမယ့် ဂမုန်းပင်တစ်မျိုးကိုလ ည်း လေ့လာအကဲခတ်ရအောင်ပေါ့"

"ကောင်းပါပြီကိုမောင်ငြိမ်း၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်"

ကျွန်ုပ်လည်း ၎င်းတို့ စိတ်ချမ်းသာသွားကြစေရန် ကတိပေးခဲ့ပြီး နောက် တည်းခိုရာဇရပ်ဆောင်သို့လျှောက်လှမ်းလာခဲ့ပါတော့သည် ။

***

တစ်ရက်နှင့်တစ်ရက် ရက်တွေကုန်တာမြန်ပါဘိ။

မကြာမီမှာ ပင် ကိုမောင်ငြိမ်းတို့ ဖိတ်ကြားထားသည့် ရက်ကလေး သို့ ဆိုက်ရောက်လာခဲ့သည် ။ ကျွန်ုပ်အဖို့ အစားအသောက်စားလိုသည် ထက် ဟိမဝန္တာမှ အမည်မသိ ဂမုန်းဆိုသည် ကို စိတ်ဝင်စားမှုက ပိုလာ

ခဲ့ပေရာ ဆိုက်ဆိုက်မြိုက်မြိုက်ဆိုသလို နေခြည်ပွင့်စမနက်ခင်း ကာလမှာ ပင် ကိုမောင်ငြိမ်းတို့ ၏ အရာရှိရိပ်သာခြံကလေးထဲသို့ ရောက်သွားခဲ့လေသည် ။

"လာဗျာ ... ကိုခင်မောင်မြ၊ ခင်ဗျားကိုမျှော်နေတာဗျ။ နောက်ထပ်နာရီဝက်လောက်ကြာတော့မှ ပေါ်မလာရင်တော့ ခင်ဗျားဆီ ကျွန်တော်လာတော့မလို့ "

"မဟုတ်တာ ကိုမောင်ငြိမ်းရယ်။ လာမယ်လို့ ကတိပေးပြီးရင် ဆက်ဆက်လာမှာ ပေ့ါဗျာ။ ကျွန်တော့်ရဲ့ ရာဇဝင်မှာ ပေးပြီးသားကတိကို လွယ်လွယ်နဲ့ ဖျက်တာမျိုး တစ်ခါဖူးမျှမရှိခဲ့ဖူးပါဘူး။ ဩော် ... ဒါထက် ဟိမဝန္တာက ဂမုန်းဆိုတာ ရောက် လာပြီလားဗျ"

ဂမုန်းချစ်သူတစ်ယောက်အား ၎င်းချစ်မြတ်နိုးသည့် ဂမုန်းနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိပါကြောင်း ဝန်ခံသလိုဖြစ်သွားသည့်အတွက် ကိုမောင်ငြိမ်း၏ မျက်နှာမှာ ဝင်းပသွားလေတော့သည် ။

"ရှိပ့ါဗျာ၊ ရှိပ့ါ။ ကိုင်း ... လာ ကျုပ်သေသေချာချာ စိုက်ထားတယ်"

ကိုမောင်ငြိမ်းက ၎င်းစိုက်ပျိုးထားသည် ဆိုသော ဂမုန်းရှိသည့်နေရာထံ ဝမ်းသာအားရ ခေါ်ဆောင်သွားလေသည် ။ ရောက်လေသော် ဟိမဝန္တာမှ ဂမုန်းဆိုသည် ကို သေချာစွာ စိုက်ကြည့်လိုက်မိသည် ။ အရွက်တွေက ကြီးမားသော်လည်း ပြန့်ကားခြင်းမရှိဘဲ ကော်ပြန့်သဖွယ် လိပ်လျက်ရှိသည် ။ ထိုအရွက်များ ၏ အောက်မှာ တော့ နွယ်လိုလို ဘာလိုလို လက်သန်းလုံးခန့်အမျှင်တွေ ထွက်နေ၏။

"ရေပြောင်း မြေပြောင်းဆိုတော့ သိပ်မလန်းသေးဘူး။ ဒါပေမဲ့ ရောက်ခါစကထက်တော့ ပိုလန်းလာပါတယ်။ အစာတို့ ရေတို့ ကောင်းကောင်း တိုက်ကျွေးပြုစုရမှာ ပေ့ါလေ။ ယူလာတဲ့ မိတ်ဆွေက ကျွန်တော့်ကို

သိပ်ခင်လို့ သူတောင်မယူဘဲ ပေးလိုက်တာ"

"အပင်နာမည်က ဘာတဲ့ လဲဗျ"

"မသိဘူးဗျ။ ဂမုန်းနွယ်ဝင် သစ်တစ်ပင်ပဲပေါ့။ နောက်မှ အန္တီ့နဲ့ တိုင်ပင်ပြီး နာမည်လှလှပေးရမယ်။ သည် အပင် ကောင်းကောင်း ဖွံ့ထွားလာရင် သိပ်ကိုလှမှာ ကျိန်းသေပဲ"

ကိုမောင်ငြိမ်းက သူ့ဂမုန်းနွယ်ဝင်သစ်တစ်ပင်အတွက် အကြီးအကျယ် ကျေနပ်အားရ နေလေသည် ။ မတင်နွဲ့ကမူ ကျေနပ်ဟန်လည်း မပြ၊ မကျေနပ်ဟန်လည်း မပြ။ သည့်နောက်မှာ တော့ မတင်နွဲ့၏ ဖွယ်ရာစုံလင်သော လက်ရာတို့ ကို အားပါးတရ သုံးဆောင်ရင်း အာလာပ သလ္လာပစကားတွေ ပြောဆိုဖြစ်ကြလေသည် ။

သည် လိုနှင့် ကျွန်ုပ်သည် မကြာခဏဆိုသလို ကိုမောင်ငြိမ်းထံ ဂမုန်းနွယ်ဝင်သစ်တစ်ပင်ကို အကြောင်းပြု၍ မကြာခဏ ရောက်ရှိခဲ့လေသည် ။

ကိုမောင်ငြိမ်း၏ ဂမုန်းနွယ်ဝင် သစ်တစ်ပင်ကား ရေခံမြေခံကောင်းလာခဲ့သည် ထင်။ တစ်နေ့တခြားဆိုသလို အရွက်တွေက ဖားဖားကြီးဖြစ်ကာ အရောင်တွေက စိမ်းစိမ်းစိုစို ဖြစ်လာခဲ့သည် ။ အရွက်အောက်ရှိနွယ်မျှင်တွေမှာ လည်း တုတ်ခိုင်ရုံမက ရှည်ရှည်လျားလျားဖြစ်လာခဲ့သည် ပင်။ သည် အပင်ကိုကြည့်၍ တစိမ့်စိမ့်ပီတိ ဖြစ်နေမိသူမှာ ကိုမောင်ငြိမ်းပဲဖြစ်လေသည် ။

"သည် အပင်ကိုတွေ့ရသူတိုင်းက သိပ်ကိုသဘောကျ နေကြလေရဲ့ ။ မျိုးပွားပြီး ပြန်ရောင်းဖို့ ချည်း တိုက်တွန်းနေ ကြတယ်။ အင်း ... ကျွန်တော်လည်း သူတို့ ခဏခဏ တိုက်တွန်းကြတာနဲ့ စီးပွားဖြစ်ဖို့ တောင် စိတ်ဝင်စား လာပြီကို ခင်မောင်မြ"

"ကောင်းတာပေ့ါ ကိုမောင်ငြိမ်းရယ်။ သစ်ပင်စိုက်ပြီး စီးပွားရှာတာ ဟာ အကုသိုလ်ကင်းပါတယ်"

ကျွန်ုပ်တို့ နှစ်ဦး စကားကောင်းနေစဉ်မှာ ပင် မတင်နွဲ့သည် သံပရာ ရည်နှစ်ခွက်လာချရင်း စကားတစ်ခုပြောလာသည် ။

"ကိုမောင်ငြိမ်းကို ပြောရဦးမယ်။ အနွဲ့တို့ ခြေရင်းအိမ်ကလေ သူတို့ မွေးထားတဲ့ စစ်တကောင်းကြက်တစ်ကောင်ရယ်၊ တိန်ညင်တစ်ကောင် ရယ် အနွဲ့တို့ ခြံထဲဝင်သွားရာက ပြန်ရောက်မလာလို့ တဲ့ ။ အဲဒါ ..."

"ဟာ ... သည် လူတွေပြောတာ မဟုတ်သေးပါဘူးကွာ။ သူတို့ ကြ က်ကို တို့ က ဘာလုပ်ရမှာ တဲ့ တုံး။ မယုံသင်္ကာနဲ့ ..."

"အဲသည် လိုသဘောမျိုးပြောတာတော့မဟုတ်ပါဘူး၊ ကိုမောင်ငြိမ်း အနွဲ့တို့ အိမ်မှာ ခွေးကလေးရမ်ဘိုနဲ့ ကြောင်မလေး ဒေစီတို့ ရှိကြတယ် မဟုတ်လား။ တိရစ္ဆာန်တွေကပဲ ဒုက္ခပေးသလားလို့ ပါ။ အနွဲ့လည်း သေသေချာချာ ရှင်းပြလိုက်ပါတယ်။ ဟိုတုန်းကလည်း ကြက်တွေ သည် ခြံထဲဝင်လာတာပဲ။ ဘာများ ဖြစ်ခဲ့ဖူးလို့ လဲ။ အနွဲ့တို့ မွေးထားတဲ့ ခွေးက ခွေးပေါ။ သူခိုးနင်းသွားမှာ တောင် ကြောက်နေရတဲ့ ခွေး။ ကြောင်မ ဒေ စီဆိုရင်လည်း တိရစ္ဆာန်ကိုခုတ်ဖို့ နေနေသာသာ ညမိုးချုပ်တာနဲ့ အိပ်ရာ ထဲ တိုးဝင်ပြီး သိုးနေအောင် အိပ်တတ်တဲ့ ကြောင်ပျင်း။ သည် တော့လ ည်း သူတို့ သဘောပေါက်သွားကြပါတယ်"

သည် ခဏ ကျွန်ုပ်လည်း ဟိမဝန္တာမှ ဂမုန်းနွယ်ဝင် သစ်တစ်ပင်၏ အရွက်တစ်ရွက်ကို မသိမသာကြည့်လိုက်မိသည် ။ ဤတွင် မထင်မှတ် သောအရာတချို့ကို တွေ့လိုက်ရသည် ။

"ဟင် ... ကြက်မွေးတွေပါကလား"

"ဟာ … ဟုတ်ပါရဲ့ ။ ထူးဆန်းလိုက်တာ ကိုခင်မောင်မြရယ်"

ကျွန်ုပ်၏ စိတ်ထဲ ဇဝေဇဝါဖြစ်သွားမိသည် ။ ကိုမောင်ငြိမ်းက တစ်စုံတစ်ခုကိုတွေးရင်း ငေးငိုင်နေသည် ။ မတင်နွဲ့၏ မျက်နှာမှာ သိပ်မကောင်း။

***

ပြာသိုလပြည့်ကျော် ၁ ရက်နေ့၌ ကွယ်လွန်သူ မိခင်ကြီးကို ရည်စူး၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ချင်ကြောင်း မတင်နွဲ့က ဆိုလာ၍ ပြာသိုလပြည့်ညဉ့် ၎င်းတို့ နှင့် လာရောက်အိပ်ပါရန် ကိုမောင်ငြိမ်းက အရေးဆိုလာသည် ။ လူတစ်ဖက်သားအပေါ် အားနာတတ်သည် က တစ်ကြောင်း၊ ကိုယ့်ပယောဂကြောင့် စိတ်မချမ်းမသာဖြစ်သွားမှာ စိုး၍ တစ်ကြောင်းတို့ ကြောင့် ၎င်းတို့ အိပ်စက် စေချင်သည့် ပြာသိုလပြည့်နေ ညဉ့် ကျွန်ုပ်လည်း ၎င်းတို့ ၏ အိမ်ဂေဟာသို့ ရောက်ရှိသွားလေသည် ။

ကျွန်ုပ်တို့ သည် ဆွမ်းကိစ္စများကို ပြည်စုံစွာ စီစဉ်ပြီးသည့်အလျောက် နားနားနေနေဖြင့် ငါးခြောက်ဖုတ် ဆီဆမ်းအား ရေနွေးကြမ်းဖြင့် မြည်းပြီး အပြင်လောကရှိ လရောင်ကို ခံစားနေမိကြလေသည် ။

ကောင်းကင်မှာ တော့ ပြာသို၏ လပြည့်ဝန်းသည် နှင်းမြူလွှာတို့ ကိုထိုးဖောက်၍ စွမ်းအားရှိသလောက် လင်းထိန်နေလေသည် ။ သဘာဝ လရောင်ကို ခံစားလိုသည် မို့ အိမ်တွင်းမီးကိုပိတ်ကာ ဆင်ဝင်အောက်၌ ကုလားထိုင်ကိုယ်စီချရင်း ဟေမန္တ၏ ညအလှကို မျောနစ်နေမိကြလေသည် ။ ထိုအချိန်တွင် မတင်နွဲ့၏ ရင်ခွင်တွင်းမှ ကြောင်မကလေး ဒေဗီ

သည် ဖျတ်ကနဲခုန်ဆင်းကာ ဂမုန်းပင်များ ကြားသို့ တိုးဝှေ့ရောက်သွား လေရာ ကြောင်ချစ်သော မတင်နွဲ့ခမျာ ပျာပျာသလဲဖြစ်သွားရလေသည် ။

"ကို ... ကိုမောင်ငြိမ်း လုပ်ပါဦး။ ဒေစီ ... ဒေစီ ဘာဖြစ်သလဲမသိ ဘူး။ ရှော့ ... ရှော့ ... ဒီမှာ ဓာတ်မီး"

ဒေစီ၏ အသံကား မချိမဆန့် ထွက်ပေါ်ရာမှ ကွယ်ပျောက်သွားလေ သည် ။ ထိုအခါ ကျွန်ုပ်တို့ လည်း ကိုမောင်ငြိမ်း၏ ဦးဆောင်မှုဖြင့် ကြောင်မလေးဒေစီ မချမဆန့်အော်သံ ပေါ်ထွက်လာရာကို မှန်းဆလျက် မီးထိုး ရှာဖွေ လိုက်လေသည် ။

"ဟင် ..."

"ဟယ် ..."

"အား ... ဒေစီ ... ဒေစီ သေပါပြီ"

မြင်ကွင်းက ကြောက်ဖွယ်လိလိပါတည်း။

ဂမုန်းနွယ်ဝင် သစ်တစ်ပင်၏ အရွက်တို့ မှာ ဖားလျားကျနေ၏။ ထို အရွက်အောက်ခြေမှ နွယ်ရှင်တို့ သည် ကြောင်ကလေးဒေစီအား အသ က်ဝင်လာသည့်သဖွယ် ရေဘဝဲ၏ လက်အလား သွက်လက်စွာဖြင့် ရစ်ပ တ်ဖျစ်ညှစ်ပစ်လိုက်သည် ။ ထို့ကြောင့်လည်း ကြောင်မလေးခမျာ မချမ ဆန့်အော်ဟစ်ရင်း နောက်ဆုံး၌ အသက်ခန္ဓာစဲသွားခဲ့လေတော့၏။ ကျွ န်ုပ်တို့ သုံးဦးသားသည် မကြုံဖူး၊ မတွေ့ဖူးသည့် ထူးခြားဆန်းကျယ် သောဖြစ်ရပ်ကြောင့် ကြက်သေသေမိကြလေသည် ။

ဂမုန်းနွယ်ဝင် သစ်တစ်ပင်သည် နွယ်ရှင်အား နှာမောင်းသဖွယ် အ သုံးပြု၍ ကြောင်သေကို ဆွဲချီကာ ကားပြန့်နေသော အရွက်ပေါ်သို့တင်

လိုက်၏။ ထိုခဏ အဆာပလာတို့ အား ကော်ပြန့်လိပ် လိပ်သည့်သဖွယ် ကားပြန့်နေသောအရွက်သည် ကြောင်သေကောင်ကို လိပ်လိုက်၏။ ဤတွင် သွေးတို့ သည် စက်စက်ယိုပြီးအပင်၏ ပင်စည် တစ်ဝိုက် စီးကျကာ အမြစ်တွေရှိမည့် အိုးအတွင်းသို့ စိမ့်ဝင်သွားကြလေတော့သည် ။ ထိုအချိန်ဝယ် မည်သည့် မြောက်လေမျှ မတိုက်ခတ်ပါဘဲနှင့် ဂမုန်းပင် အမျိုးပေါင်းမြောက်မြားစွာကြားမှ ထိုတစ်ပင်တည်းက နတ်ပူးသည့်ပမာ ယိမ်းထိုး၍ နေလေသည် ။

"နွဲ့ကြောက်တယ် ... နွဲ့ကြောက်တယ်"

မတင်နွဲ့သည် တုန်တုန်ယင်ယင် စကားဆိုရင်း အိမ်ထဲသို့ လှမ်းဝင်သွားလေသည် ။ ကိုမောင်ငြိမ်းမျက်နှာမှာ လည်း မကောင်းတော့။

"မထင်မှတ်တာတွေဖြစ်ကုန်ပြီဗျာ။ လက်စသတ်တော့ ဂမုန်းဟာ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းတဲ့ သားစားဂမုန်းဖြစ်နေပါရော့လား။ သူရောက်လာတဲ့ နေ့မှာ ပဲ အင်းဆက်ပိုးမွှားတွေ ခါတိုင်းလိုမဟုတ်ဘဲ သိသိသာသာကြီးကို နည်းသွားတယ်။ နည်းမှာ ပေါ့ သူက စားသောက်ပစ်တာကိုး"

"ဟုတ်ပါရဲ့ ကိုမောင်ငြိမ်းရယ်"

"နောက် တဖြည်းဖြည်း အရွယ်ကြီးတာတွေ စားလာတယ်။ ကြွက်၊ ကြွက်ကနေ ကြောင်၊ နောက်ဆိုကြောင်ကနေ ခွေး၊ ခွေးကနေ လူအထိ အဆင့်တက်လာတော့မယ်"

"သည် တော့ သည် ကိစ္စကို ဘယ်လိုလုပ်မလဲကိုမောင်ငြိမ်း"

"သည် အပင်ရဲ့ အပြင်ဗဟိဒ္ဓကို သဘောကျပြီး ဈေးကောင်းပေးဝယ်ချင်သူတွေရှိကြပေမယ့် ဘယ်သူသေသေ ငတေမာသဘောမျိုးမလုပ်ချင်

ဘူးလားဗျာ။ သည် တော့ ဘယ်သူဘယ်ဝါကိုမှ ဒုက္ခမပေးနိုင်အောင် ဇာတ်သိမ်းပစ်ရမယ်"

"ဘယ်လိုလုပ်မှာ လဲ"

"မနက်ဖြန်ကျရင်တစ်ပင်လုံးကိုနုတ်နုတ်ပါအောင် စင်းပြီး တွင်းထဲပစ်ချလို့ အမှိုက်တွေနဲ့ ရောပြီး မီးရှို့ပစ်လိုက်ကြတာပေါ့ ကိုခင်မောင်မြရယ်"

"ကောင်းပါလေ့ဗျာ ...။ သည် အန္တရာယ်ကို စောစောစီးစီး သိရတာ ကံကောင်းတာပဲဗျို့။ ခြေရင်းက ကြက်ရှင်တွေ သံသယရှင်းအောင်လည်း ရှင်းပြလိုက်ဦး။ သည် အပင်ကြီးဟာ သက်တမ်းရှည်ရင် တစ်နေ့နေ့ မမျှော်လင့်တဲ့ ကြမ္မာဆိုးတွေ ဝင်မလာဘူးလို့ မပြောနိုင်ဘူး"

"ဟုတ်ပ ကိုခင်မောင်မြရယ်"

သို့ဖြင့် နောက်တစ်ရက်ရောက်လေသော် ကျွန်ုပ်တို့ လည်း လှူဖွယ်ကိစ္စရပ်များကို ပြုလုပ်ပြီးနောက် လူသားတို့ နှင့် မည်သို့မျှ ဆက်စပ်မလျော်သည့် သားစားဂမုန်းအား အမြစ်ပြုတ်အောင် ရှင်းလင်းသုတ်သင်လိုက်ကြပါတော့ သတည်း။

လောက၌ ထင်မှတ်မထားသော တုန်လှုပ်ဆန်းကြယ်မှုတွေ ရှိလာတတ်ကြပါကလား။

**နန္ဒာမိုးကြယ်**

***

# လွတ်မြောက်လမ်းသို့

**သိန်းထွန်းလတ်**

အချိန်ကာလအားဖြင့် ၁၉၆၀ ခုနှစ်ခန့်ကဖြစ်သည် ။

ရှင်လိုင်ပြန်ပုဂ္ဂိုလ်၊ အိမ်ထောင်ကျသောသူ၊ ထောင်မှ လွတ်သောသူ စသူတို့ မှာ လောကတွင် အပျော်ဆုံးလူများ ဟု ဆိုကြသည် ။ သို့သော် ... ယခုအခါ ထောင်မှ လွတ်လာသော ချမ်းမြွှမာ ကား ပျော်စရာဆိတ် သုဉ်းသူတစ်ယောက်အနေနှင့် သူထွက်လာခဲ့ရာ ထောင်ဗူးဝကြီးကို အဓိ ပ္ပါယ်မဲ့စွာ ရပ်တန့်ငေးမောကြည့်ရှုနေမိသည် ။

"ငါ ... ဘယ်ကိုသွားရမလဲ၊ အဖေနဲ့ အမေတို့ ဘယ်ဆီနေမှန်းလည်း မသိတော့ဘူး။ အခုမှ နေဖို့ စားဖို့ ခက်ပါရောလား"

ဟု သူက တီးတိုးရေရွတ်ပြီးလျှင် လမ်းမပေါ်၌ ဥဒဟိုသွားလာနေကြ သည့် မော်တော်ကား၊ မြင်းလှည်းတို့ ကိုလည်းကောင်း၊ ပလက်ဖောင်း ဘေးမှ ဓာတ်တိုင် သစ်ပင်တို့ ကိုလည်းကောင်း ဘာရယ်မဟုတ်ငေးကြ ည့်နေမိသည် ။

"ဟင်း ..."

ပြီးလျှင် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ပလက်ဖောင်းအတိုင်း လေးလံသော ခြေလှမ်းများ နှင့် လျှောက်ခဲ့တော့

သည် ။

လမ်းဘေးရှိ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များမှ ညှော်နံ့တွေက သူ့ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုကို ပိုမိုနှိုးဆွသယောင်ရှိလှသည် ။

"ညှော်နံ့လေးတွေ သင်းပ့ါ။ ဗိုက်ကလည်း တောင်း တသ မှ တဂွီဂွီဖြစ်လို့ ။ ဒါပေမဲ့ စားစရာပိုက်ဆံဆိုလို့ တစ်ပြားမှ မရှိလေတော့ ..." ဟု တွေးကာ သူဆက်လျှောက်နေလိုက်သည် ။

ခပ်နွမ်းနွမ်းအဝတ်အစား၊ ဆံပင်ရှည် ဖရိုဖရဲ၊ မုတ်ဆိတ် နှုတ်ခမ်းမွေးတို့ ထူလပျစ်ရှိနေသည့်သူ့ကို လမ်းသွားလမ်းလာများက မသဲကာသလို၊ မသတီသလို စေ့စေ့ကြည့်ကာ ရှောင်ရှားသွားကြသည် က များ သည် ။

သူက ကြို့ကုန်းဖက်သို့သွားရန် ကားလမ်းကိုဖြတ်ကူးမည်ဟု ပလက်ဖောင်းပေါ်မှ ဆင်းလိုက်သည် ။

"ဟဲ့မြင်း"

"ရှမ်း ..."

ထိုအချိန်မှာ ပင် ကြာပွတ်ရိုက်သံ၊ အော်သံနှင့်အတူ မြင်းရထားတစ်စီးက ခပ်မှန်မှန်မောင်းလာရာမှ ရပ်တန့်သွားတော့သည် ။

တိုက်မိမည့်အနေအထားဖြစ်သွားသဖြင့် ချမ်းမြေ့က နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ရှောင်တိမ်းလိုက်သည် ။

ထိုအခိုက် တဘက်ပေါင်းထားသော မြင်းရထားမောင်းသူလူကြီးက ချမ်းမြေ့ကို လှမ်းကြည့်လိုက်ပြီး‌လျှင် ရုတ်တရက် အသံထွက်လာခဲ့၏။

"ဟင် ... ချမ်း ... ချမ်းမြေ့ ... တူလေး"

"အို ... လေးလေး"

မြင်းရထားမောင်းသူလူကြီးကို ပြန်ကြည့်မိကာ ချမ်းမြေ့ပါးစပ်ဟသွားပြီး သူ့နှုတ်ကပြန်ခေါ်သံ ကတိုက်ကရိုက် ထွက်သွားသည်။

နှစ်ဦးသား အတန်ကြာမျှ မျက်ရည်တို့ ဝေ့သည် အထိ ကြည့်နေကြပြီးမှ မြင်းလှည်းမောင်းသမားကြီးက ကတုန်ကယင်နှင့် ပြောလိုက်သည်။

"ကြည့်စမ်း၊ ငယ်ရုပ်ကို မနည်းဖမ်းမိပေလို့ ပေ့ါ၊ အခု ဘယ်သွားမှာလဲကွယ့် တူလေး"

"ဘယ်မှ မသွားဘူး၊ ထောင်ကထွက်လာတာနဲ့ သွားစရာမရှိတဲ့ အဆုံး ခြေဦးတည့်ရာ လျှောက်လာခဲ့တာ လေးလေး"

"ဟေ ... ဒီလိုကိုး၊ လာ ... လာ၊ တက် ... တက်၊ အခုလိုလေးလေးနဲ့ အဆင်သင့်တွေ့တာကံကောင်းပေတာပေ့ါ ... လာဟေ့"

"ဟုတ်ကဲ့"

ချမ်းမြေ့လည်း ရတ်ချည်းဆိုသလို ဝမ်းမြောက်ဝမ်းသာဖြစ်သွားကာ မြင်းလှည်းပေါ် အလျင်အမြန်တက်လိုက်သည်။

"ကိုင်း ... ဖေ့သားကြီး"

"ရှမ်း ..."

အော်ဟစ်ရင်း လက်ထဲမှ ကြာပွတ်ကို လေမှာ ဝှေ့ယမ်း၍ အသံထွက်စေလိုက်သည် တွင် မြင်းရထားက ကတ္တရာလမ်းပေါ်မှ အရှိန်ပြင်းစွာ

ပြေးလွှားနေပေတော့သည် ။

ချမ်းမြေ့က တစ္ဆေသူရဲ ပူးဝင်နေသည့်အလား ကန်စွန်းရွက်ချဉ်ရည်ဟင်းနှင့် ငါးပိရည်ပန်းကန်ကို စောင်းသွန်ချလိုက်ပြီး အားပါးတရ စားနေလေ၏။

"အဲဒါပဲလေ ... မင်းက တစ်နေ့တခြား ဆိုးတေလာသလို အမှုအခင်းတွေကလည်း များ လာ၊ ဒီကြားထဲ ဂျင်ကစားနည်းကို မက်မောပြီး အိမ်ကငွေတွေ ခဏခဏယူတော့ မင်းအဖေနဲ့ အမေဟာ အင်မတန်စိတ်ဆင်းရဲကြရပေတယ်"

ချမ်းမြေ့က ခေါင်းတစ်ချက်ညိတ်ကာ ဒန်အိုးထဲက ထမင်းအကျန်ကို ဇလုံထဲမှောက်ထည့်ကာ ပလုပ်ပလောင်းစားနေပြန်သည် ။

"မင်းအကြောင်း အပြည့်အစုံကိုစာရေးပြီး မန္တလေးမြို့က ငါ့ဆီအကြောင်းကြားတယ်။ နောက်ပြီး မန္တလေးက ပွဲရုံကို ပိတ်လို့ အိမ်ပြန်လာခဲ့ဖို့ ခေါ်တယ်။ ဒါပေမဲ့ကွာ လေးလေးမှာ ကလည်း အဲဒီအချိန် အိမ်ထောင်ပြုရမယ့်အမျိုးသမီးတစ်ယောက်ကို တွေ့နေရပြီဆိုတော့"

လူကြီး၏ စကား တစ်ပိုင်းတစ်စမှာ တင် ချမ်းမြေ့က ထမင်းစားနေရာမှ မျက်လုံးပြူးကြီးနှင့် စိတ်ဝင်တစားနားထောင်ရင်း ဆက်ပြောလိုက်ဟန် ခေါင်းဆတ်ပြသည် ။

"ပြောရရင် ငါကမင်းရဲ့ အဖေဖြစ်တဲ့ ငါ့အစ်ကိုကြီးဆီ မပြန်တော့ဘဲ ပွဲရုံကိုပိတ်၊ ငွေတွေယူပြီး ရည်ရွယ်ထားတဲ့ အမျိုးသမီးနဲ့ အတူ ပြင်ဦးလွင်ကို ထွက်ခဲ့တယ်။ အင်း ... တကယ်တော့ ဒီမိန်းမဟာ သစ္စာမရှိတဲ့ မိန်းမလို့ ဆိုရမှာ ပါ။ ဘာကြောင့်လဲဆိုရင် ပြင်ဦးလွင်က တည်းခိုရိပ်သာတစ်ခုမှာ နေထိုင်ကြရင်း သုံးရက်မြောက်နေ့မှာ ငါ့မှာ ပါလာတဲ့ ငွေအားလုံးယူပြီး ပျောက်သွားတော့တယ်လေ"

"ဟင် ... ဒါ ... ဒါဆို ... လေးလေးကို ပတ်တီးချသွားတာပေါ့နော်"

"သိပ်ဟုတ်တာပေါ့၊ ဒီတော့ ဝတ်ထားတဲ့ နာရီလက်စွပ်တွေ မတန်တဆစျေးနဲ့ ရောင်းပြီး တည်းခိုခန်းခရှင်း၊ ပိုတာလေး လမ်းစရိတ်လုပ်ပြီး မင်းတို့ အိမ်ကိုပြန်ခဲ့ ငွေတွေကုန်၊ တိုက်ကိုလည်း မတန်တဆစျေးနဲ့ ရောင်းပြီး ဟောဒီခြံလေးကိုဝယ်လို့ ညီအစ်ကိုနှစ်ယောက် ပြောင်းရွှေ့နေကြရတယ်"

ချမ်းမြေ့က မတ်ခွက်ဖြင့်သောက်ရေအိုးထဲမှ ရေကို ခပ်ကာ တကျိုက်ကျိုက်သောက်နေသည် ။ ပြီးမှ ၎င်းက ငိုသံပါကြီးနှင့် –

"အားလုံး ကျွန်တော့်အပြစ်တွေကြောင့်ဖြစ်ရတာပါလေးလေးရာ" ဟု ဆို၏။

"ဒီခြံကိုရောက်ပြီး တစ်လလောက်အကြာမှာ အစ်ကိုကြီး ဆုံးရှာတယ်။ သူ့ဈာပနကိစ္စပြီးတော့ မင်းကိုလည်း စိတ်နာတာမို့ ထောင်ဝင်စာ တောင်လာမတွေ့တော့ဘဲ ငါဟာ မန္တလေးကိုသွား၊ ဟိုမှာ အပေါင်းအသင်းဟောင်းတွေနဲ့ ပေပေတေတေသောက်စားနေခဲ့တာ သုံးနှစ်သုံးမိုးကြာတယ်ဆိုရမယ်။ ပြီးမှ ငါ့အစ်ကိုကြီးခေါင်းချရာ ဒီခြံကလေးမှာ ပြန်နေမယ်ဆိုတဲ့ စိတ်ကူးနဲ့ ရန်ကုန်ပြန် လာပြီး မြင်းရထားတစ်စီးဝယ်တယ်။ အခုလို မြင်းလှည်းမောင်း စားနေခဲ့တာဆိုပါတော့ ငါ့တူ၊ ဒါလောက်ဆို ပြည့်စုံပြီထင်ပါတယ်"

ချမ်းမြေ့က မျက်လုံးမှ စီးကျလာသော မျက်ရည်စများကိုသုတ်ကာ –

"ကျွန်တော့်အပေါ်မှာ လေးလေးအနေနဲ့ စိတ်နာမယ်ဆို နာစရာပါဗျာ။ လောကကြီးမှာ ကျွန်တော့်လောက် မိုက်မဲတဲ့ သူရှိမှာ မဟုတ်တာ လေးလေးအသိပါ။ ကျွန်တော်ဟာ လူချမ်းသာမိဘနှစ်ပါးက

ချစ်မြတ်နိုးစွာ ယုယုယယထားတဲ့ ကြားက ဗွေဆိုးရှိသူဆိုတော့ ကျောင်းကောင်းကောင်း တက်ရပေမယ့် ပညာကို မကြိုးစား၊ ဒီကြားထဲ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ပေါင်းမိရာက မူးရူးပြီး ပြဿနာအမျိုးမျိုးနဲ့ မိဘကို ဒုက္ခအဖုံဖုံပေးလို့ အားမရသေးဘဲ လောင်းကစားဖြစ်တဲ့ ဂျင်ထိုးတာကို ဝါသနာထုံပြန်တော့တယ်"

ချမ်းမြွေလေးလေးဆိုသူက မည်သို့မျှမဆို၊ ဆေးတံအိုကြီးကိုသာ မီးခိုးများ ထောင်း လမောင်းထသည် အထိ ဖွာရှိုက်နေပေသည်။

ချမ်းမြွေက ဝမ်းနည်းယူကျုံးမရသံဖြင့် ဆက်ပြောနေသည်။

"ဒီတော့ မူးမူးရူးရူးနဲ့ အဖေနဲ့ အမေ့ဆီက ငွေတွေတောင်း ဂျင်ဝိုင်းမှာ သွားရှုံး၊ တောင်းလို့ မရရင် မရရတဲ့ နည်းနဲ့ ခိုး။ သူတို့ မှာ ငွေကြေးဆိုလို့ မရှိတဲ့ အဆုံးမှာ တိုက်အိမ်ဂရံကိုခိုးပြီး သူဌေးတစ်ယောက်ဆီမှာ သွားပေါင်၊ ကုန်အောင် လောင်းကစား၊ ပြောရရင် မိဘတွေကို စော်ကားတဲ့ ကျွန်တော့်ကို နတ်ဒေဝတာတွေက ဒဏ်ခတ်တယ်ထင်ပါရဲ့။ ဟိုတယ်တစ်ခုမှာ သောက်စားမူးရူးရာက ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်နဲ့ တစ်ဖက်လူစု ရန်ဖြစ်ရာမှာ တစ်ဖက်အုပ်စုက လူတစ်ယောက်သေဆုံးပြီး အခုလို လူသတ်မှုနဲ့ အဖမ်းခံရတာဆိုပါတော့ လေးလေး"

စကားအဆုံးတွင် ဆေးတံမှ မီးခိုးများကို မှုတ်ထုတ်ရင်း လေးလေးခေါ် ဦးမြတ်သာဆိုသူလူကြီးက ချမ်းမြွေကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"ဒါဆို မင်းရဲ့ မကောင်းတဲ့ အကျင့်ဆိုးနဲ့ ပြစ်မှုမျိုးစုံကို သတိပြုမိပြီး သံဝေဂရပြီဆိုပါတော့၊ ဟုတ်လား ... ငါ့တူ"

"သံဝေဂရရုံတင်မကပါဘူးလေးလေးရာ၊ ဒီနေ့က စပြီး လူကောင်း

တစ်ယောက်ဘဝနဲ့ နေထိုင်သွားပါတော့မယ်လို့ ကတိပေးပါတယ်ဗျာ၊ ယုံပါ"

တစ်နှစ်ခန့်ကြာမြင့်သောအခါကာလ၌ ယခင် ခြံပြင်၊ နွယ်ပင်၊ ကမူတို့ ရှိနေသည့်ခြံကလေးမှာ စံပယ်ပင်တို့ စီတန်းပေါက်ရောက်လျက်ရှိနေပေ၏။

အမှန်စင်စစ် ဦးလေးဖြစ်သူ ဦးမြတ်သာ မြင်းလှည်းမောင်းထွက်ချိန်တွင် ချမ်းမြေ့ကိုယ်တိုင် ပေါက်တူးတစ်လက်နှင့် ရှင်းလင်းမြေဆွကာ ခြံတစ်ခြံမှ စံပယ်ပင်တို့ ကို ဝယ်ယူစိုက်ပျိုးလိုက်ခြင်း ဖြစ်သည် ။

ယင်းစံပယ်ပင်များအား ချမ်းမြေ့က ပေါင်းသင်သည် ၊ ရေလောင်းသည် ၊ ယုယသည် ။ သို့မို့ကြောင့်လည်း အချိန်တန်သည် တွင် စံပယ်ပွင့်များ ဖွေးဖွေးလှုပ်မျှပွင့်လေရာ ပန်းရောင်းသောဖောက်သည်များက အလိုလိုရောက်လာကြပေတော့သည် ။

ပန်းခြံနှင့်ပန်းပင်ကိစ္စများ အပြင် ချမ်းမြေ့သည် ဦးလေးဖြစ်သူ မြင်းလှည်းပြန်ရောက်လာသည် နှင့် မြင်းကို ရေတိုက်သည် ။ အစာကျွေးသည် ။ ဒဏ်ရာအနာတရ ရှိလျှင် ဆေးလိမ်းပေးသည် ။ ထို့ပြင် မြင်းလှည်းကိုလည်း ရေဆေး ရုံမျှမက ချို့ယွင်းမှုများ တွေ့လျှင် သူကိုယ်တိုင် ဂရုတစိုက်ပြုပြင်ပေးရှာသည် ။

ယင်းသို့ ချမ်းမြေ့တစ်ယောက် မနားမနေလုပ်ဆောင်နေသော်လည်း ဦးလေးဦးမြတ်သာက မည်သို့မျှ ချီးကျူးခြင်းမရှိ။ ၎င်း၏ ဆေးတံကိုသာ မီးညှိဖွာ ရှိုက်လျက်သာ ရှိနေသည် ချည်းပင်။

ဖောက်သည် လာယူသောပန်းသည် များမှာ အမျိုးသမီးလေးများ ဖြစ်ရာ ကြာသော် ဦးမြတ်သာနှင့် ရောချမ်းမြေ့နှင့်ပါ အလွန်ရင်းနှီးခင်မင်ကြသည် ဟု ဆိုရပေမည်။

တစ်နေ့တွင် ဦးမြတ်သာကဆိုသည် ။

"ငါ့တူရေ ... မင်းလည်း မငယ်တော့ဘူးကွယ့်၊ အိမ်ထောင်ရက်သားပြုဖို့ လိုပြီ"

"ဗျာ"

ရုတ်တရက်ပြောလာခြင်းကြောင့် တအံ့တသြဖြစ်သွားသောချမ်းမြေ့ကို တည်တည်ငြိမ်ငြိမ် ကြည့်ပြီး ဦးမြတ်သာကပြောသည် ။

"ဒါ အံ့သြစရာမဟုတ်ပါဘူးကွာ၊ ဒီမှာ လေးလေးပြောမယ်။ မင်းရဲ့ ပန်းဖောက်သည် တွေ ထဲက မမြရှင်ကို မင်းစိတ်မဝင်စားဘူးလားကွယ့်၊ ပြောစမ်းပါဦး"

"ဗျာ ... ဟို ... ဟိုဒင်း"

"ဟိုဒင်း ဒီဒင်းလုပ်မနေပါနဲ့ ကွာ လေးလေးလည်း ငယ်ရာက ကြီးလာတာပါ။ ကောင်မလေးက မင်းကိုနှစ်သက်ပုံရသလို မင်းကလည်း ... "

ဦးမြတ်သာ စကားရပ်ကာ ချမ်းမြေ့ကို အကဲခတ်နေလိုက်ရာ ချမ်းမြေ့ခမျာ ဘာပြောရမှန်းမသိတော့ပေ။

"အဲဒီကလေးမလေးကိုယူဖို့ လေးလေးတိုက်တွန်းချင်တယ်။ ဘာကြောင့်အခုလို တိုက်တွန်းရသလဲသိလား၊ ဒီကလေးမဟာ မိခင်အိုကြီးကို ပြုစုစောင့်ရှောက်သလို မောင်လေးတစ်ယောက်ကိုလည်း အစစအဆင်ပြေအောင်လုပ်ကိုင် ကျွေးမွေးနေသူလေးတစ်ယောက် ဖြစ်တာကြောင့် ဆိုပါတော့"

"လေးလေးက ဒါတွေကို ဘယ်လိုကြောင့်သိတာလဲဟင်"

"မြင်းလှည်းနဲ့ ခရီးသည် သွားပို့ရင်း သူတို့ နေထိုင်တဲ့ အနမ်းပင်က အိမ်ကလေးကို ရောက်ခဲ့လို့ လေ"

"ဩော် ... ဩော် ... ဒါနဲ့ ..."

"ဒီလို ... ဒီလို ငါ့တူ ... မင်းဟာ လူလား မြောက်ကတည်းက ဆိုးပေ တေမှုတွေ ပြွမ်းတီးပြီး မိဘနှစ်ပါးကို တော်တော်ဒုက္ခပေးခဲ့တယ်မဟုတ် လား"

"ဟုတ် ... ဟုတ်ပါတယ်"

"အေး ... ဒီတော့ မပြုစုလိုက်ရဘဲ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးကို ရည်စူးတဲ့ အနေနဲ့ မိဘကိုလုပ်ကျွေးသမှုပြုနေတဲ့ အဲဒီမိန်းကလေးကို ဘယ်သူ ..."

"မမြရှင်ပါ လေးလေး"

"ဒါကြောင့် မမြရှင်ဆိုတဲ့ မိန်းကလေးကို ..."

"ဟုတ်ကဲ့ လေးလေးပြောတဲ့ အတွက် မိဘကို လုပ်ကျွေးသမှုပြုနေ သူ အဲဒီအမျိုးသမီးကို ကျွန်တော် တော့်တော့်ကို လေးစားသွားပြီဆိုရမ ယ်လေးလေး"

"အင်း ... မိဘမေတ္တာကို အသိအမှတ်ပြုတတ်ပေသားပဲ ငါ့တူရဲ့ ၊ မ င်းမှာ ဒီလိုအသိနဲ့ ဒီလိုစိတ်ဓာတ်မရှိဘူးလို့ လေးလေးထင်နေတာကွယ့် "

ထင်မယ်ဆို ထင်စရာပါလေးလေး၊ ကျွန်တော်ဟာ လူမှန်းသိစကတ ည်းက မိဘနှစ်ပါးကို ဒုက္ခပေးခဲ့သူဆိုတော့ လေးလေးထင်တာမမှားပါ ဘူး။ ဒါပေမဲ့ ...

"ဒါပေမဲ့ ဘာဖြစ်သလဲကွယ့်"

"ဒါပေမဲ့ ထောင်ထဲမှာ ကျွန်တော့်လိုပဲ လူသတ်မှုနဲ့ ရောက်လာခဲ့တဲ့ ရာဇဝင်လူဆိုးကြီးခြောက်ထောင်ပြန် ဘဇံ၊ ဦးဘဇံပေ့ါဗျာ။ အဲဒီလူကြီး နဲ့ ဆုံတွေ့ရမှ သူပြောပြလို့ မိဘတွေရဲ့ အနိုင်းမဲ့မေတ္တာအကြောင်း ကောင်းကောင်း သိရှိနားလည်ခွင့်ရတယ်လို့ ဆိုရမှာ ပါ လေးလေး"

"အင်း ... ဒီလိုကိုး၊ ဒါဖြင့်မင်းသိသလောက် မိဘမေတ္တာအကြောင်း အရာအချို့ ပြောပြစမ်းပါလားကွယ်"

ချမ်းမြေ့ကခေါင်းညိတ်လျက် ဆေးပေ့ါလိပ်ကို မီးညှိရှိုက်ဖွာသလို ဦးမြတ်သာကလည်း ၎င်း၏ ဆေးတံကြီးကို ပြိုင်တူလိုလို မီးညှိရှိုက်ဖွာ လျက်ရှိသည် ။

ပြီးမှ ချမ်းမြေ့က အောက်ပါအတိုင်း စီကာပတ်ကုံးပြောပြလေသည် ။

"မိဘတွေဟာ ဦးစွာမွေးဖွားလာမယ့်သားသမီးအပေါ်မှာ ဝမ်းကြာတို က်ထဲရှိစဉ်ကပဲ သားမှန်းသမီးမှန်း မသိဘဲ အစားအသောက်အနေအထို င် ဆင်ခြင်ရတယ်လေ။ ဒါက ပဋိသန္ဓေရှိစဉ်အစဆိုပါတော့"

"အင်း ... အင်း"

"နောက် မွေးဖွားပြီး လူလားမြောက် ကြီးပြင်းတဲ့ အထိ အမေ့ရဲ့ မေ တ္တာဓာတ်အဟု န်ကြောင့် နှလုံးသွေးရည် ကနေ အာဟာရဖြစ်တဲ့ မို့ချို ကိုတိုက်ကျွေးလို့ အစာရစေခဲ့တယ်လေ"

"အင်း ... အင်း"

"ပြီး – မပီကလာပီကလာအရွယ်ကနေ ကျောင်းပညာသင်ကြားတဲ့ အရွယ်အထိသားသမီးရေ ရှေ့ရေးအတွက် မြော်မြင်တွေးတော ဝမ်းမြော

က်မှုပီတိလှိုင်းတွေ ရိုက်ခတ်ပြီး တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် ကြည်နူးနေကြရာက လိမ္မာရေးခြားရှိအောင် လူ့လောကကြီးမှာ ဝင်ဆန့်အောင်ဘာသာသာသနာနဲ့ ဗဟု သုတအဖြာဖြာကိုလည်း အလျဉ်းသင့်သလို သင်ကြားပြသပေးကြရှာပါသေးတယ်"

"အင်း ... အင်း"

"ဖခင်ဟာ သားသမီးတွေအတွက် ပေးဆပ်မှုအများ ဆုံးသူရဲကောင်းတစ်ဦးလို့ မှတ်ယူရမှာ ဖြစ်သလို အမေဆိုတာကလည်း သားသမီးတွေအပေါ် ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ပြီး အနှိုင်းအဆမရှိ မေ့တ္တာစေတနာထားတဲ့ မဟာဂရုဏာရှင် နတ်သမီးတစ်ပါးလို့တောင် ဆိုနိုင်ပါသေးတယ် လေးလေး"

"အင်း ... အင်း"

"မွေးဖွားလာတဲ့ သားသမီးအပေါ် ချောသည် ဖြစ်စေ၊ လှသည် ဖြစ်စေ၊ ရုပ်ဆိုးသည် ဖြစ်စေ၊ အကျည်းတန်သည် ဖြစ်စေ၊ လိမ္မာသည် ဖြစ်စေ၊ မိုက်မဲသည် ဖြစ်စေ လုံးဝမပြစ်ပယ်ဘဲ ကြီးမားတဲ့ အချစ်နဲ့ သာ ချစ်နေမြဲပါ။ ဟိုဒင်း ... တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိပြီး သားသမီးဆိုးကိုတော့ ပစ်ရိုးထုံးစံမရှိဆိုတဲ့ စကားပုံလိုပေ့ါလေ"

"အင်း ... အင်း"

"မိဘနှစ်ပါးဟာ သားသမီးတွေအပေါ်မှာ ဘာမှ မသိတတ်၊ နားမလည်ခင်ကတည်းက ကောင်းကျိုးချမ်းသာအဖြာဖြာဖြစ်စေခြင်းအဖြာဖြာကို ပေးစွမ်းတဲ့ အတွက် 'ပုဗ္ဗာဒေဝ' ရှေးဦးနတ်လို့ ဆိုနိုင်သလို သားသမီးတွေအပေါ်မှာ အကျိုးမျှော်ကိုးမှု လုံးဝမထားဘဲ မေတ္တာ၊ ဂရုဏာ၊ စေတနာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေနဲ့ ချစ်ကြပြန်တဲ့ အတွက် 'ဗြဟ္မာတိ မာတာပိတရော' ဆိုတာလို ဗြဟ္မာကြီးများ ဖြစ်တယ်လို့ တင်စားနိုင်ပါ

သေးတယ်ခင်ဗျာ"

"အင်း ... အင်း"

"လိမ္မာရေးခြား ပညာရပ်အများ အပြားကို အခါအားလျော်စွာ သင်ကြားဆုံးမရှာတဲ့ အတွက် မိဘများ ဟာ 'ပုဗ္ဗာစရိယ' ဆိုတဲ့ ဂုဏ်အင်္ဂါနဲ့ ထိုက်တန်သလိုအဝေးရောက်သားသမီးများ အိမ်ထောင်ရှိ မရှိပေ့ါနော်၊ အဲဒီသားသမီးတွေရဲ့ ပူဇော်သက္ကာပြုမှုကိုလည်း ခံယူနိုင်တဲ့ အတွက် 'အာဟု နေယျဂုဏ်' တော်နဲ့ ပြည့်စုံတယ်လို့ လည်း ဆိုနိုင်ပါသေးတယ်"

"အင်း ... အင်း"

"မိဘမေတ္တာအကြောင်း စေ့စေ့တွေးပြီး ပြောရရင်တော့ မဆုံးနိုင်ပါဘူး။ ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလိုပါပဲ၊ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင် သားသမီးတွေအဖို့ မိဘနှစ်ပါးဟာ အဖိုးဖြတ်ခြင်းငှာ မစွမ်းသာတဲ့ တကယ့်အနဂ္ဃရတနာကြီး ဖြစ်ပါပေတယ် လေးလေး၊ အဲဒီလို ဂုဏ်အနန္တနဲ့ ပြည့်စုံတဲ့ မိဘနှစ်ပါးကို ဒုက္ခအထွေထွေပေးခဲ့တဲ့ ကျွန်တော့်မိုက်ပြစ်တွေကို တွေးမိတိုင်း ရင်နာရပါတယ် လို့ ဆိုပါရစေတော့ လေးလေးရာ ..."

"အင်း ... အင်း"

ဦးမြတ်သာက ချမ်းမြေ့ပြောသမျှကို မျက်တောင်မခတ် စေ့စေ့ကြည့်ရင်း ဆေးတံဖွာလျက်မှ တအင်းအင်းနှင့်သာ အင်းလိုက်လျက်ရှိဆဲ။

"ဘယ်လိုလဲ လေးလေး၊ ကျွန်တော့်လို လူဆိုးလူမိုက်တစ်ယောက်က မိဘမေတ္တာအကြောင်း မတန်မရာတွေပြောနေလို့ မယုံကြည်နိုင်ဘဲ အင်းလိုက်နေတာလားဟင် လေးလေး"

ချမ်းမြွေက တစ်လျှောက်လုံးပြောလာရာမှ မထုံထက်တေး အင်းအင်းချည့်သာလိုက်၍ အောင့်အည်းနားထောင်နေပုံရသည့် ဦးလေးဖြစ်သူကို မကျေမနပ် အငေါ်တူး လိုက်လေသည် ။

"မဟုတ်ပါဘူး ငှါတူရာ၊ ဟိုဒင်း ... လူမိုက်ပါးစပ်က နတ်စကားထွ က်နေလို့ မယုံနိုင်အောင်ဖြစ်နေရတာပါ၊ ဒါထက် မင်းကို ထောင်ထဲမှာ မိဘမေတ္တာအကြောင်း ပြောပြခဲ့တဲ့ ရာဇဝင်လူဆိုးကြီး ဘယ်သူကွယ့်"

"ခြောက်ထောင်ပြန်ဘဇံပါ လေးလေး"

"အေး ... အေး ... ဟုတ်ပြီ၊ အဲဒီရာဇဝင်လူဆိုးကြီး ခြောက်ထောင်ပြ န်အကြောင်းကို အသင့်အတင့်ပြောပြပါလားကွာ"

"ဟုတ်ကဲ့လေးလေး ... ဒီလူကြီးက ရာဇဝင်လူဆိုးဆိုပေမယ့် သူတ စ်ပါးကို အနိုင်အထက်မပြုသလို မကောင်းတဲ့ ဒုစရိုက်ပြစ်မှုဖြစ်တဲ့ ခိုးမှု တိုက်မှု လုယက်မှုတွေကိုလည်း မကျူးလွန်ဘူးဆိုရမယ်"

"နိုး ... ဘာကြောင့် လူဆိုးလို့ ခေါ်ရတာလဲ"

"သူက မတရားမှုကို မကြိုက်ဘူး၊ ဒါကြောင့် ဦးစွာ သူ့မိဘတွေကိုငွေ ကြေးကိစ္စနဲ့ လာစော်ကားတဲ့ ကြေးရေတတ် မိသားစုကို သတ်ဖြတ်မိလို့ သေဒဏ်ကနေ တစ်သက်တစ်ကျွန်းဒဏ်ကျခံပြီး အက်ဒ်မန်ကျွန်းကို ရောက်သွားရတာ ကလား"

"စိတ်ဝင်စားစရာပါပဲ"

"အဲဒီကျွန်းမှာ ငါးနှစ်လောက်အကြာ ဗြိတိသျှဘုရင်မကြီးမွေးနေ့အ ထိမ်းအမှတ် မဲနှိုက်ပြီး အကျဉ်းသားအချို့ လွှတ်ပေးရာမှာ ကံအားလျော်စွာ သူပါ လာပြီး ရန်ကုန်ပြန်ရောက်လာတယ်"

"ဆက်ပြောပါ ငှါတူ"

"ဘာကြာသလဲ မိဘတွေရှိရာ ရောဝတီမြစ်ဝကျွန်းပေါ်က သူ့မိဘတေ ွဆ ီအ ပြ န ်မ ၂၁ တစ်နယ်လုံးဖိန့်ဖိန့်တုန်အောင်ကြောက်ရတဲ့ လူဆိုးကြီးမိုးသီးနဲ့ တပည့်အချို့ကို သတ်ဖြတ်ပြန်လေတော့ ထောင်ကျရပြန်တယ်ပေါ့"

"ဩော် ... ဩော်"

"ဦးဘဇံဟာ သူ့အဖြစ်ဆိုးအတွက် ကြေကွဲနေရှာတဲ့ မိဘနှစ်ပါးကို အဖမ်းမခံရမီ သွားကန်တော့ရာမှာ မိခင်ကြီးဟာ နှလုံးကြေကွဲပြီး သားကိုဖက်လို့ သေရှာရောဆိုပဲ"

"အိုး ... ကျွတ် ... ကျွတ်"

"ဒို့နောက် မြန်မာပြည်အချို့ထောင်တွေကို လူသတ်မှုအမျိုးမျိုးနဲ့ ဦးဘဇံရောက်ရာမှာ အသက်ကြီးလှပြီဖြစ်ပေမယ့် ဖခင်အိုကြီးဟာ မဖြစ်မနေ လာပြီး ထောင်ဝင်စာပို့လို့ လာတွေ့လေ့ရှိတယ်တဲ့ လေးလေးရဲ့"

"အာဂဖခင်ပေပေါ့ကွယ်"

"ဒီမှာ တင် လူဆိုးကြီးဟာ မိဘမေတ္တာကို အထူးသိရှိပြီး ထောင်ကလွတ်ရင် အဖေ့ကို ပြုစုနေထိုင်တော့မယ်လို့ စိတ်ဒုန်းဒုန်းချလိုက်ပေမယ့် မကြာမီကာလမှာ ဖခင်အိုကြီး ဆုံးပါးသွားကြောင်း သတင်းရောက်ရှိလာတဲ့ အခါ လူဆိုးကြီးဟာ ဖြေဆည်လို့ မရနိုင်ဘဲ ထောင်ထဲမှာ ရက်အတန်ကြာ ငိုင်ငိုင်တွေတွေ တုံဏှိဘာဝေရှိနေခဲ့တယ်လေ"

"အသိနောက်ကျတယ် ဆိုရမှာ ပေါ့ကွယ်"

"အဲဒီနောက်ပိုင်းမှာ ခြောက်ထောင်ပြန် ဦးဘဇံကြီးဟာ မိဘအပေါ် မညှာမတာ ဆိုးမိုက်ကြတဲ့ နီးစပ်ရာ ထောင်ကျတွေကို ဓမ္မကထိကတစ်ဦးလို အနှိုင်းမဲ့မေတ္တာအကြောင်း အလျဉ်းသင့်တာနဲ့ ဟောပြောပို့ချလေ့

ရှိတယ်ဆိုရမှာ ပါပဲ လေးလေး၊ သူ့အကြောင်းကတော့ ဒီလောက်ပါပဲ"

"အင်း ... သူ့လိုအဖြစ်ဆိုးမျိုးနဲ့ လူငယ်လူရွယ်တွေ လိမ္မာရေးခြားရှိအောင် နှောင်းမှ နောင်တရတာမျိုး မဖြစ်အောင်၊ ဆုံးမသတိပေးတာပေါ့ကွယ်၊ ကောင်းပါလေ့၊ အဲဒီလူဆိုးကြီးကို လေးလေးအနေနဲ့ အထူးမေတ္တာပို့သပါတယ်။ သူ ထောင်ကအမြန်လွတ်ပြီး ကျန်းမာချမ်းသာစွာနဲ့ လောကကောင်းကျိုး ဘာသာ သာသနာကောင်းကျိုးတွေ ဆောင်ရွက်နိုင်ပါစေလို့ လည်း မေတ္တာပို့သလိုက်ပါတယ် ငါ့တူ "

ချမ်းမြေ့က ဦးခေါင်းညှိတ်လျက် ဆေးပေါ့လိပ်ကို မီးညှိနေသည် ။

"အနိုင်းမဲ့နှလုံးသားပိုင်ရှင်တွေဖြစ်တဲ့ မိဘနှစ်ပါးရဲ့ ကျေးဇူးတွေ၊ မေတ္တာတွေ၊ ဂုဏ်ရည်တွေအကြောင်း ပြောမယ်ဆိုရင် မဆုံးနိုင်အောင် များ ပြားလှတယ်ဆိုရမှာ ပါ။ ဓမ္မရာဇဝင်နိပါတ်တော်သုတ္တန်ဒေသနာတော်တွေက သာဓကတွေ ထုတ်နှုတ်ရမယ်ဆိုရင် အပုံကြီးကျန်ပါသေးတယ် ငါ့တူရယ်"

"အဲဒီ အနိုင်းမဲ့ကျေးဇူးရှင်တွေအပေါ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုမူစော်ကားခဲ့မိတဲ့ ကျွန်တော့်အမှား တွေကြေအောင် ကြိုးစားချင်တယ်လေးလေးရယ်"

ချမ်းမြေ့ ဆွေးမြေ့စွာပြောဆိုမှုအဆုံး၊ ဦးမြတ်သာက မည်သို့မျှမဆိုဘဲ ၎င်း၏ ဆေးတံကြီးကိုသာ မီးခိုးများ ထောင်းထောင်းထသည် အထိ ရှိုက်ဖွာလျက်မှ အမျိုးမျိုးသောအဓိပ္ပာယ်ဆောင်သည့်အကြည့်နှင့် တူဖြစ်သူကို စေ့စေ့ကြည့်လျက် ရှိနေသည် သာ။

ထိုည အိပ်စက်ရာ၌ ချမ်းမြေ့မှာ ကယောက်ကတမ်း ရေရွတ်လျက်ဖျားလေရာ ဦးမြတ်သာက ပုလင်းတစ်လုံးယူ လာပြီးနောက် အကြမ်းပ

န်းကန်ထဲသို့ ငှဲ့ထည့်ရင်း ...

"မင်း ... အေအေးမိပြီးဖျားတာဖြစ်မယ်။ ရော့ ... ဟောဒီမှာ လေးလေး လိုရမယ်ရထားတဲ့ အရက်တစ်လုံးရှိတယ်။ အချမ်းပြေ အဖျားပျောက်သွားအောင် သောက်လိုက်နော်"

သို့သော် ချမ်းမြေ့သည် ထူးဆန်းစွာပင် အရက်ငှဲ့ထားသော အကြမ်းပန်းကန်နှင့် အရက်ပုလင်းကို ပြတင်းပေါက်မှ ဆွဲယူလွှင့်ပြစ်လိုက်ပြီးလျှင် –

"ကျွန်တော် ... ကျွန်တော် အသက်သေချင်သေသွားပါစေ၊ မိဘတွေ ကိုစော်ကားမိတဲ့ အထိ ဖြစ်အောင် နှိုးဆွတဲ့ ဒီအရက်သေစာကို ရာသက်လုံးရှောင်ပါရစေလေးလေး" ဟု ခိုင်ခိုင်မာမာပြောလိုက်၏။

ထိုညက ဦးမြတ်သာသည် တော်တော်နှင့်မအိပ်ဘဲ တစ်စုံတရာကို စေ့စေ့တွေးကာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေရှာလေတော့၏။

ချမ်းမြေ့တစ်ယောက် ဖျားနာသဖြင့် ပန်းရောင်းသည့်ကိစ္စကို မြင်းလှည်းမထွက်ဘဲ ဦးမြတ်သာကိုယ်တိုင် လုပ်ဆောင်နေရသည် ။

ပန်းသည် မလေးမြရှင်ကလည်း နေထိုင်မကောင်းဖြစ်နေသော ချမ်းမြေ့ကို ဆေးတိုက်ခြင်း၊ ဆန်ပြုတ်တိုက်ခြင်း စသည့်ကူညီမှုတို့ ဖြင့် ပြုစုပေးရှာသည် ။

ထိုနေ့အဖို့ သူမမှာ ပန်းရောင်းမထွက်တော့ဘဲ ညနေစောင်းမှ သာ ချမ်းမြေ့တို့ တူဝရီးကို နှုတ်ဆက်ကာ ပြန်သွားခဲ့ရှာသည် ။

"ဒီမိန်းကလေးဟာ မိဘအပေါ်မှာ ရှိသေသလို ငါ့တူအပေါ်မှာ လည်း မေတ္တာစေတနာအပြည့်ကွယ့်"

"မှန်ပါတယ်လေးလေး၊ သူ့စေတနာသူ့မေတ္တာကို ကျွန်တော်အသိအ

မှတ်ပြုပါတယ်"

"ဒါနဲ့ ... မင်းသာ လူချမ်းသာတစ်ယောက်ဖြစ်ရင် အဲဒီမိန်းကလေးကို ဘယ်လိုရည်ရွယ်မလဲ ချမ်းမြေ့"

"ဟာ ... အဲဒီလိုဆိုလို့ ကတော့၊ အင်း ... အဲဒီလိုဆိုလို့ ကတော့ ... သူ့ကို ... သူ့ကို ..."

ချမ်းမြေ့က ဆက်မပြောတော့ဘဲ စကားတစ်ဝက်တစ်ပြက်နှင့် ရပ်လိုက်တော့ရာ ဦးမြတ်သာကလည်း မည်သို့မျှ ဆက်မမေးတော့ဘဲ နေရာမှထကာ အိမ်မှုကိစ္စများကို သွားရောက်လုပ်ကိုင်နေပေသည် ။

ထိုမှ ချမ်းမြေ့တစ်ယောက် နေကောင်းပြီးနောက် တစ်ပတ်ခန့်အကြာတွင် တစ်ခါမျှ ဝတ်ကောင်းစားလှမဝတ်သည့် ဦးမြတ်သာတစ်ယောက် နံနက်စောစောထ ဘုရားရှိခိုး၊ မေတ္တာပို့သပြီးသည်နှင့် တောင်ရှည်ပုဆိုး၊ ရှပ်အင်္ကျီ၊ တိုက်ပုံအသစ်တို့ ကို ဝတ်ဆင်ရုံမျှမက ဦးခေါင်းတွင် လည်း ပန်းရောင်ခေါင်းပေါင်းကို အခန့်သားပေါင်းထားလေ၏။

"ကဲ ... ငါ့တူရေ၊ ဟောဒီမှာ အဝတ်အစားသစ်တွေ ရေမိုးချိုး မုတ်ဆိတ်ကျင်စွယ်တွေ ရိတ်ပြီးရင် အဲဒါတွေဝတ်စမ်းကွာ၊ သွားစရာကိစ္စရှိနေလို့ "

"ဗျာ ..."

ထူးခြားမှုကြောင့် ချမ်းမြေ့ အံ့အားသင့်ကာ ပြန်မမေးတော့ဘဲ မုတ်ဆိတ်ကျင်စွယ်ရိတ်၊ ရေမိုးချိုးလိုက်ပြီးလျှင် ဦးမြတ်သာပြောသည့်အတိုင်း အသင့်ရှိနေသည့် အဝတ်အစားတို့ ကို ဝတ်ဆင်လိုက်ရ၏။

"အင်း ... အခုမှ အရင်ကလို သူဌေးရဲ့ ညီနဲ့ သူဌေးရဲ့ သားပုံပေါက်

သွားပေတော့တယ်" ဟု ဆိုရာ ချမ်းမြွေက မိဘနှစ်ပါးကို သတိရလျက် –

"ဟုတ်တယ်နော်၊ အဖေနဲ့ အမေဟာ လူချမ်းသာ ကုန်သည် ပွဲစားလင်မယားဖြစ်ပါလျက်နဲ့ သားဆိုးကျွန်တော့်ကြောင့် ..." ဟု ဆွေးဆွေးမြွေမြွေပြော လိုက်လေ၏။

"ကဲပါ ... ဒါတွေတွေးမနေပါနဲ့ တော့၊ လာကွယ့်ငါတူ၊ သွားကြစို့"

"ဟုတ်ကဲ့"

အိမ်ကလေးကို တံခါးပိတ်၊ သော့ခတ်ပြီးသည် နှင့် နှစ်ဦးသား ကားတစ်စီးငှားကာ ဦးမြတ်သာက မော်ဘီဘက်သို့မောင်းရန် ညွှန်ကြားလိုက်သည် ။

ကားကလေးက အင်းစိန်ဘက်သို့ ပြေးလွှားကာ ထိုမှ တစ်ဆင့် လှော်ကားဘက်၊ ဆက်လက်၍ သစ်ပင်ကြီးငယ်တို့ ပြည့်နှက်နေသည့် မော်ဘီအရပ်ဆီသို့ ဆက်လက်မောင်းနှင်နေသည် ။

ကားမောင်းနေစဉ်တစ်လျှောက်လုံး ၎င်းတို့ တူဝရီးမှာ အတွေးကိုယ်စီနှင့် စကားမပြောဘဲ လမ်းဘေးဝဲယာရှုခင်းများကိုသာ ကြည့်ရှုရင်း လိုက်ပါလာခဲ့ကြသည် ။

အတန်ကြာ မောင်းနှင်မိပြီးနောက် အုန်းပင်များ ထူထပ်စွာ ပေါက်ရောက်နေသော ခြံကျယ်ကြီးတစ်ခြံရှေ့ရောက်သောအခါ ဦးမြတ်သာက ကားကို ရပ်ခိုင်းလျက်ကျသင့်ငွေ ရှင်းပေးလိုက်သည် ။

ထိုအချိန်မှာ ပင် အုန်းခြံကြီးအတွင်းမှ ချစ်စဖွယ် ယောကျ်ားလေးနှင့် မိန်းကလေးမောင်နှမ နှစ်ယောက်တို့ ပြေးထွက်လာလျက် အနောက်ဖက်မှ လည်း ခန္ဓာကိုယ်ကြွံ့ကြွံ့ခိုင်ခိုင် ယောကျ်ားတစ်ဦးနှင့် အမျိုးသမီးတ

စ်ဦးတို့ ဆက်လက်ထွက်လာပြန်လေ၏။

"ဟာ ... သူဌေးမင်းပါလား၊ ကြွပါ၊ ကြွပါခင်ဗျာ"

"ဘဘ ..."

"ဘဘကြီး ..."

ကလေးနှစ်ယောက်ကလည်း ဦးမြတ်သာကို အော်ဟစ်ပြေးဖက်သကဲ့သို့ နောက်ဖက်မှ လင်မယားနှစ်ယောက်ကလည်း ဦးမြတ်သာကို သူဌေးတစ်ဦးကဲ့သို့ တလေးတစား နှုတ်ဆက်သဖြင့် ချမ်းမြေ့တစ်ယောက် ရပ်လျက်သား ကြောင်ကြည့်နေမိသည် ။

ဦးမြတ်သာက ကလေးနှစ်ယောက်ကို ချစ်စနိုးပွေ့ဖက်လိုက်ပြီးနောက် –

"ကိုင်း ... မောင်သာအောင်တို့ မမွေးတို့ ရေ ... မင်းတို့ အုန်းခြံရဲ့ သူဌေးအစစ်က ဟောဒီပုဂ္ဂိုလ်ပဲကွယ့်၊ အားလုံးမှတ်ထားကြဟေ့" ဟု ဆိုကာ ချမ်းမြေ့ကို လက်ညှိုးထိုးပြရင်း ပြုံးရွှင်စွာ ပြော လိုက်လေ၏။

"ဗျာ ... ဘယ် ... ဘယ်လို"

တအံ့တသြ အိုးတို့ အတဖြစ်နေသောချမ်းမြေ့ကို ကြည့်ကာ ထိုအခါကျမှ ဦးမြတ်သာက ဤသို့ရှင်းပြလိုက်သည် ။

"ဒီမှာ ငါ့တူ၊ လေးလေးရှင်းပြမယ်။ ဆိုးလှ မိုက်လှ တေပေလှတဲ့ သားသမီးဖြစ်ပေမယ့် မင်းရဲ့ မိဘနှစ်ပါးဟာ သားလေးရဲ့ ရှေ့ရေးကို တွေးပြီး အမြော်အမြင်ကြီးစွာနဲ့ ရေရှည် အကြံအစည်တစ်ခုကို ထူးထူးခြားခြားလေးစီမံခဲ့တယ်ကွယ့်"

ချမ်းမြေ့နှင့် လူအားလုံးက တိတ်ဆိတ်စွာနားထောင်နေကြသည် ။

"အချိန်မတိုင်ခင် မင်းအနေနဲ့ ထောင်က လွတ်လာခဲ့ရင် အရင်လို ဆိုးမိုက်မှာ စိုးလို့ တိုက်အိမ်နဲ့ ပွဲရုံ၊ လုပ်ငန်းပစ္စည်းအဝဝကို ထုခွဲရောင်းချပြီး အခုငါတို့ နေထိုင်ရာခြံ ကလေးနဲ့ ဟောဒီအုန်းပင်နှစ်ရာရှိတဲ့ အုန်းခြံကြီးကို ဝယ်ယူခဲ့တယ်။ ခြံကိုဟောဒီ ငါ့လူယုံမောင်သာအောင်တို့ မိသားစုတွေက ပြုစုစောင့်ရှောက်သလို ထွက်သမျှအုန်းသီးတွေကို တစ်လတစ်ခါ ရောင်းချပြီး အဲဒီငွေတွေကို ငါ ကိုယ်တိုင် ထိန်းသိမ်းခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီဆိုပါတော့"

"အို ... မယုံနိုင်စရာပါလား လေးလေးရယ်"

မိဘတို့ က မိမိအပေါ်ထားရှိသည့် မေတ္တာကို သိရသည့်အခါ ချမ်းမြေ့မှာ မခံစားနိုင်တော့ဘဲ ယူကြုံးမရစွာ မျက်ရည်များ တပေါက်ပေါက်စီးကျလာရရှာသည် ။

"ဒါပေမဲ့ လွယ်လွယ်တော့ မဟုတ်ပေဘူး ငါ့တူ"

ချမ်းမြေ့က ဦးမြတ်သာပြောလာမည့်စကားကို ငံ့လင့်နေသည် ။

"ငါ့ကို သေသေချာချာမှာ ကြားခဲ့တာက မင်းကို ထောင်ဝင်စာမှန်မှန် ပို့ပေးပေမယ့် ငါကိုယ်တိုင်မသွားဘဲ တခြားလူတွေကိုသာလွှတ်၊ ကိုယ်ယောင်ဖျောက်နေဖို့ "

"ဩ ... ဒါကြောင့် ထောင်ဝင်စာကို ကျွန်တော်မသိတဲ့ တခြားလူစိမ်းတွေကသာ လာပို့ခဲ့တာကိုး"

"ဟုတ်တယ်၊ မင်းထောင်ကလွတ်လာမယ့်ရက်ကို ငါ့နည်း ငါ့ဟန်နဲ့ စုံစမ်းပြီး အမှတ်မထင်တွေ့တဲ့ အနေနဲ့ ခေါ်ယူစောင့်ရှောက်ဖို့ လိမ္မာရေးခြားရှိအောင်သွန်သင်ဖို့ ၊ တကယ်လို့ သာ တစ်နှစ်ကြာလို့ မှ မင်းအနေနဲ့ မိဘမေတ္တာနားမလည်၊ လိမ္မာရေးခြားမရှိဘဲ အရင်အတိုင်း

ဆိုးမိုက်နေခဲ့ရင် ဟောဒီအုန်းခြံကြီးနဲ့ တကွ စုဆောင်းထားရှိတဲ့ ငွေကြေးအားလုံးကို ငါ့အနေနဲ့ ထိုက်သင့်သလောက်ယူပြီး ကျန်တာ အားလုံး ဘုန်းကြီးကျောင်းတစ်ကျောင်းဆောက်လုပ် လှူဒါန်းပြီး ဘိုးဘွားရိပ်သာကိုလှူဖို့ ရှေ့နေတစ်ယောက်နဲ့ သေတမ်းစာရေးပြီး မှာကြားထားခဲ့တယ် လေ"

"ဩ ... ဒီလိုကိုး၊ တကယ့်ကို စေ့စပ်တာနဲ့ အမျှ ပညာရှိပီသလွန်းတဲ့ မိဘတွေပါလား လေးလေးရာ"

ချမ်းမြေ့က မချိတင်ကဲပြောကာ မိဘနှစ်ပါးကို အထူးသတိရလျက် ကြေကြေကွဲကွဲ ပြောလိုက်ရှာသည် ။

"အေး ... ဒါကြောင့် ငါကမြင်းလှည်းတစ်စီးကို ဝယ်၊ မြင်းလှည်းမောင်းသလို ဆင်းရဲဟန်ဆောင်ပြီး မင်းလွတ်လာမယ့်နေ့ကို ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းပြီး စောင့်ကြည့်နေတာ ဆိုပါတော့ကွယ်"

"ဩ ... ဒါကြောင့် ကျွန်တော်ထောင်ကလွတ်တဲ့ နေ့မှာ လေးလေးက အမှတ်မထင် တွေ့သလိုမျိုးလုပ်ပေတာကိုး"

သဘောပေါက်စွာပြောလိုက်သော ချမ်းမြေ့ကို ဦးမြတ်သာက နားလည်စွာ ခေါင်းညိတ်ပြလိုက်သည် ။

ထို့နောက် ဦးမြတ်သာက ဆက်ပြောပြန်၏။

"ဒါကြောင့် မင်းရဲ့ အရိပ်အခြေကို လေးလေးက နေ့တိုင်းအကဲခတ်နေတာကလား။ မင်းဟာ အသိတရားလိမ္မာရေးခြားရှိလာရုံမကဘဲ မိဘတွေရဲ့ မေတ္တာတရားကိုလည်း သဘောပေါက် လာပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်လာတာတွေ့ရတယ်။ ဒ့ါအပြင် အရက်သေစာကိုဆေးဖြစ်ဝါးဖြစ် အနေနဲ့ တောင်မသောက်တော့တာတွေ့ရ

တာမို့ အမွေတွေအားလုံး လွှဲပေးဖို့ အချိန်တန်ပြီလို့ လေးလေးဆုံးဖြတ်ပြီး အခုလို ..."

"ကျွန်တော် ... ကျွန်တော် အားလုံးကို သဘောပေါက်ပါပြီလေးလေး ၊ အိမ်ထောင်မပြုဘဲ ကျွန်တော့်ဖခင်ဖြစ်တဲ့ လေးလေးရဲ့ အစ်ကိုကြီးစကားကို နားထောင်ပြီး ကျွန်တော့်ဘဝရှေ့ရေး စီမံပေးနေတဲ့ လေးလေးရဲ့ မေတ္တာတရားဟာလည်း မိဘမေတ္တာနဲ့ မခြားပါဘူးဗျာ။ အဲဒီအတွက် ကျွန်တော်ဦးချကန်တော့ပါရစေနော်"

ပြောပြောဆိုဆို အဝတ်အစားအသစ်များကိုပင် ဂရုမပြုတော့ဘဲ ချမ်းမြေ့က မြက်ခင်းပြင်တွင် ထိုင်ချကာ ဦးမြတ်သာကို ရိုရိုသေသေ ရှိခိုးကန်တော့လိုက်သည် ။

"အေး ... အေး၊ ငါ့တူကြီး ယနေ့အချိန်ကစလို့ လောကကောင်းကျိုး၊ တမလွန်ကောင်းကျိုးတွေ ဆောင်ရွက်နိုင်ပြီး ဖြစ်ဖြစ်သမျှ သံသရာမှာ မိဘကျေးဇူးသိနားလည် တတ်တဲ့ လူလိမ္မာတစ်ယောက်ဖြစ်ပါစေကွယ်"

လှိုက်လှိုက်လှဲလှဲ တုန်ရည်လှစွာသောအသံနှင့် ဦးမြတ်သာက ဝမ်းပန်းတသာ ဆုပေးရှာသည် ။

ထိုနေ့က ချမ်းမြေ့တို့ တူဝရီးသည် ၎င်းတို့ ပိုင်ဆိုင်သော အုန်းခြံကြီးတွင် ကိုသာအောင်၊ မမွှေးတို့ မိသားစုနှင့် ပျော်ရွှင်စွာ ချက်ပြုတ်စားသောက်ပြီးလျှင် ညနေစောင်းမှ ကားတစ်စီးငှားကာ ပြန်ခဲ့ကြပေသည် ။

ထိုညက အိမ်ပြန်ရောက်သည် နှင့် ဦးမြတ်သာသည် မိမိတို့ ခြံထောင့်တစ်နေရာ၌ တူရွင်း၊ ပေါက်ပြား၊ လက်နှိပ်ဓာတ်မီးတို့ နှင့် တစ်ကိုယ်တည်း အလုပ်ရှုပ်နေပြီး နောက် အတန်ကြာသောအခါ သေတ္တာငယ်တစ်လုံးကို ယူဆောင်လာခဲ့သည် ။

"အဲဒါ ဘာတွေလဲဟင် လေးလေး"

"ကြည့်လေကွယ်"

ပြောပြောဆိုဆို ဦးမြတ်သာက တူရွင်းနှင့်သေတ္တာသော့ကို ဖျက်ကာ ဖွင့်လျက် လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြလိုက်သည်။

"ဟာ ... အလို"

တွေ့ရသည် မှာ ဝင်းဝင်းလက်နေသော ရွှေချောင်းအချို့နှင့် ဆွတ်ဆွတ်ဖြူနေသော ငွေဒင်္ဂါးများ အပြင် ငွေစက္ကူအထပ်လိုက်တို့ ကို မယုံနိုင်စွာ တွေ့လိုက်ရပေတော့သည်။

"အဲဒါ ... မင်းရဲ့ မိဘနှစ်ပါးက မင်းအတွက်သိမ်းဆည်းထားခိုင်းတဲ့ ရွှေချောင်းတွေ ငွေဒင်္ဂါးတွေပေါ့ကွယ်"

"ဟာ .. များ လှချည်လား လေးလေးရာ"

"ပေါက်ဈေးနဲ့ ဆိုရင် ကာလတန်ဖိုး ဘယ်နည်းမလဲကွယ်၊ မနက်မိုးလင်းတာနဲ့ ရှေ့နေဦးကျော်ခကို ငါ သွားခေါ်မယ်၊ ပြီးရင် မင်းကိုလွှဲပြောင်းပေးပြီးတာနဲ့ မင်းကြိုက်သလိုသာ စီမံခန့်ခွဲပေတော့ ငါ့တူ"

"လေးလေးအတွက်ကရော"

ဦးမြတ်သာက ဦးခေါင်းယမ်းကာ ရွှေငွေသေတ္တာကို ပြန်ပိတ်ရင်း –

"လေးလေးအတွက် မလိုပါဘူးကွယ်၊ လေးလေးက မင်းအတွက် ကိစ္စအဝဝ ဆောင်ရွက်ပြီးတာနဲ့ ကျိုက်ထိုဖက်က ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှာ ရဟန်းဝတ်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်နေပြီကွယ့်"

"ဩ ... ဒီလိုကိုး"

ထိုမျှသာဆိုရင်း ချမ်းမြေ့မှာ တစ်စုံတရာကို နက်နက်နဲနဲတွေးတော

ဟန်ဖြင့် ငြိမ်သက်နေလေ၏။

ထိုနည်းတူစွာ ဦးမြတ်သာကလည်း သူ့အတွေးနှင့် သူ ငြိမ်သက်နေလေ၏။ ထို့နောက်မှ ချမ်းမြေ့က –

"လေးလေး"

"ဟေ"

"သာသနာ့ဘောင်ဝင်ဖို့ တကယ်ဆုံးဖြတ်ပြီးပြီလားဟင်"

"ဟုတ်ပါတယ်၊ မင်းထောင်က မလွတ်ခင်ကတည်းက ဆုံးဖြတ်ထားပြီးသားပါ။ တကယ်လို့ မလိမ္မာဘဲ မင်းအနေနဲ့ မိုက်တွင်းဆက်နက်နေခဲ့ရင်လည်း ပေလယျကံပြုပြီးပိုင်ဆိုင်သမျှအားလုံး ဘုန်းတော်ကြီးကျောင်းနဲ့ ဝေယျာဝစ္စအတွက် အကုန်လှူလို့ ရဟန်းဘောင်ဝင်တော့မယ်ဆိုတာ သန္နိဋ္ဌာန်ချထားပြီးသားဆိုပါတော့ကွယ်"

ချမ်းမြေ့ ဘာမှ ဆက်မပြောတော့ပေ။

နံနက်မိုးလင်းသည် တွင် ဦးမြတ်သာသွားခေါ်လာသော ရှေ့နေကြီးဦးကျော်ခ ရောက်လာသောအခါ ဖခင်ကြီး၏ သေတမ်းစာကို ဖတ်ကြားနားထောင်လျက် အမွေလွှဲပြောင်းမှုဆိုင်ရာ စာချုပ်တွင် အမွေလွှဲပြောင်းရယူကြောင်းကို ချမ်းမြေ့ လက်မှတ်ရေးထိုးရသည် ။

ထို့နောက် ရွှေချောင်းနှင့်ငွေဒင်္ဂါးများကို ကာလပေါက်စျေးနှင့် အားလုံးကို အမြန်ဆုံးရောင်းချရန် တိုင်ပင်ဆွေးနွေးကြ၏။

ရှေ့နေကြီးဦးကျော်ခ ပြန်သွားသောအခါချမ်းမြေ့က ထူးဆန်းသောစကားကို ဦးလေးဦးမြတ်သာအား ရုတ်တရက် ပြောကြား လိုက်လေ၏။

"လေးလေးခင်ဗျား"

"ဟော ... ဘာတုံးကွယ့်"

"ကျွန်တော် တစ်ညလုံး စဉ်းစားပြီးပါပြီ။ ဒီတော့ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒကို လေးလေးအနေနဲ့ နောက်ဆုံး အကောင်အထည်ဖော်ပေးဖို့ မေတ္တာရပ်ခံပါရစေနော်"

"ပြောလေကွယ်၊ ဘာများ တုန်းငေါ့တူရယ်"

"ရွှေချောင်းနဲ့ ငွေဒင်္ဂါးတွေ ရောင်းချလို့ အားလုံး ငွေသားတွေရလာခဲ့ရင်၊ နောက်ပြီး အုန်းခြံကိုရောင်းရတဲ့ ငွေတွေရခဲ့ရင် ..."

"ဘာ ... အုန်းခြံကိုရောင်းမယ် ဟုတ်လား"

"ဟုတ်ကဲ့ ... အမြန်ဆုံးရောင်းနိုင်အောင် လေးလေးက ဆောင်ရွက်ပေးစေချင်ပါတယ်"

"မင်းဆန္ဒရှိရင် လုပ်ပေးပ့ါမယ်လေ"

"ငွေတွေ အားလုံးရရင် ကျွန်တော်လုပ်ချင်တာက ဒီလိုပါ"

"ပြောပါလေ ဘယ်လိုလဲ"

"ဦးစွာ အုန်းခြံကိုစောင့်ရှောက်တဲ့ ကိုသာအောင်တို့ မိသားစုနေထိုင်ရေးအတွက် အဲဒီမှော်ဘီနားမှာ သင့်တင့်တဲ့ ခြံတစ်ခြံနဲ့ အိမ်ကလေးတစ်လုံးဝယ်ပေးပြီး သူတို့ ရင်းနှီးစားသောက်ဖို့ ငွေအသင့်အတင့်ပေးစေချင်ပါတယ်။ ပြီးရင် မြင်းနဲ့ မြင်းလှည်းကိုလည်း ကိုသာအောင်ကိုပေးပါ"

ဦးမြတ်သာက ရက်ရောလှသော တူဖြစ်သူကို အထူးအံ့ဩနေရင်းမှ အာမေဋိတ်သံထွက်လာရသည် ။

"ဒုတိယအနေနဲ့ အဖေတို့ အမေတို့ ကိုးကွယ်တဲ့ ဒေးစွန်ပါအနီးကတဲကျောင်းဆရာတော်ကို ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်

လှူဒါန်းပေးစေချင်ပါတယ်"

"အင်း ...အင်း ...ဒါဟာ ကွယ်လွန်သွားရှာတဲ့ မင်းအဖေအမေရဲ့ သေတမ်းစာမှာ လည်း ပါတာမို့ အထူး ဆောင်ရွက်ရမယ့် ကိစ္စပေပေါ့ကွယ်၊ ကောင်းပ့ါကောင်းပ့ါ"

"နောက်ပြီးတော့ ..."

"နောက်ပြီးတော့ ဘာကျန်သေးလဲ"

"ဘုန်းကြီးကျောင်းဆောက်ပြီးတဲ့ နောက် ငွေစအနည်းငယ်သာချန်ပြီး အတော်များများကို ဘိုးဘွားရိပ်သာ တစ်ခုခုမှာ အဖေအမေတို့ အတွက် ရည်စူးပြီး လှူဒါန်းပေး စေချင်ပါတယ် လေးလေး"

"ဟ ... ဒါဖြင့် ဘာကျန်တော့မှာ လဲ ငါ့တူရာ"

"မကျန်လည်း ကိစ္စမရှိပါဘူးဗျာ၊ အဲ ... နောက်ဆုံးကျန်တဲ့ ငွေတွေနဲ့ ဟောဒီ စံပယ်ခြံ ဟောဒီအိမ်ကလေးကိုတော့ မိဘကြီးကို လုပ်ကိုင်ကျွေးမွေးသမှုပြုနေတဲ့ မမြရှင်ကို လွှဲပြောင်းပေးအပ်စေချင်ပါတယ် လေးလေး"

"ဟာ ... ဘာ ... မင်း ... မင်း မမြရှင်ကို လက်မထပ်ဘူးလား ချမ်းမြေ့"

လွန်စွာအံ့ဩခြင်းဖြင့်ပြောလာ မေးလာသော ဦးလေးဖြစ်သူ ဦးမြတ်သာကို ချမ်းမြေ့က တည်တည်ကြည်ကြည်ဖြင့် လေးလေးနက်နက်ပြောလိုက်သည် ။

"အမှန်ပြောရရင် ကျွန်တော့်အနေနဲ့ မမြရှင်ကို မေတ္တာရှိမိတာ အမှန်ပါပဲ၊ သို့ပေမဲ့ လောကသံသရာမှာ သောက ဒုက္ခတွေ ဆက်ပွားနိုင်တဲ့

သံယောဇဉ်မီးကို မမွေးလိုတော့ပါဘူး။ ဒါကြောင့် ..."

ဦးမြတ်သာက ငြိမ်သက်စွာ နားထောင်နေသည် ။

"ဒါကြောင့် မိဘကို ပြစုလုပ်ကျွေးသမှုပြုနေရှာတဲ့ မမြရှင်ကို ဒီခြံ၊ ဒီ အိမ်နဲ့ ငွေတွေပေးခဲ့တာဆိုပါတော့"

"ဒါ ... ဒါဖြင့် ... မင်းကရော"

ထိုအခါ ချမ်းမြေ့က ဆုံးဖြတ်ပြီးဖြစ်ဟန်နှင့် စိတ်လက်ပေါ့ပါးစွာ ပြောလိုက်တော့သည် ။

"ကျွန်တော်၊ ကျွန်တော်ကလား လေးလေးနဲ့ အတူ သာသနာ့ဘောင် ကိုဝင်တော့မယ်လေ"

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် သုံးနှစ်ခန့်အကြာတွ င် ဖြစ်သည် ။

ကျိုက်ထိုမြို့၏ မြောက်ဖက် လေးမိုင်ခန့်အကွာမှ တောင်ကုန်းတစ်ခု ပေါ်တွင် တည်ရှိသည့်ကျောင်းယငယ်တစ်ကျောင်းနှင့် မနီးမဝေး ထုံးဖြူဖြူစေတီတော်တစ်ဆူအနီးရှိ ပရဝိုဏ်တွင် တံမြက်စီးကိုယ်စီကိုင် ကာ အမှိုက်သရိုက်များကို လှဲကျင်းရင်း ဝေနေယျသတ္တဝါ အပေါင်းတို့ အား မေတ္တာပို့အမျှပေးဝေလျက်ရှိသည့် ဦးပဉ္စင်းနှစ်ပါးကို တွေ့မြင်ရမ ည်ဖြစ်သည် ။

စေတီတော် ငှက်မြတ်နားမှ ဆည်းလည်း လေးများက လေအဝှေ့၌ ထိုဦးပဉ္စင်းနှစ်ပါး၏ ကုသိုလ်ကောင်းမှုကို ဩဘာပေးသည့်အလား တချ င်ချင်မြည်သံပေးနေလေ၏။

အမှန်စင်စစ် ယင်းဦးပဉ္စင်းနှစ်ပါးကား ...။ ။

သိန်းထွန်းလတ်

*****